ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္လာနေ့၊ (2-2-2004) (၄၁၃၄)

ယနေ့ထုတ်စောင်ရေ ၁၉၇၀၄၃

မာတာပိတု ဥပဋ္ဌာနံ
ဧတံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့

ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားများသည် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် နိုင်ငံ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်များ စုပေါင်း ကျင်းပပြုလုပ်ခဲ့သော ပင်လုံညီလာခံ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်ပြသနိုင်ခဲ့ကြသည်။ သို့ဖြစ်၍ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကာ လွတ်လပ်သော ပြည်ထောင်စုနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
(၅၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၃၁ရက်က မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆင့်ဆင့်တာဝန်ရှိသူများ ကျေးလက်အထိသွားရောက်ပြီး ပြည်သူများ၏လိုအပ်ချက် လက်တွေ့ဖြည့်ဆည်း သူ့လုပ်ငန်းကိုယ့်လုပ်ငန်းမခွဲခြားဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၃၀ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ မွန်းလွဲ ၁နာရီတွင် ပဲခူးတိုင်း တောင်ငူလေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂-၂-၂၀၀၄
(တနင်္လာနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြု လမ်းနှင့်တံတားများ တိုးချဲ့တည်ဆောက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ အကျိုးရလဒ်ကောင်းများ ခံစားရရှိစေမည့် လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ရာတွင် ခိုင်မာသည့်စီးပွားရေး အခြေခံအအောက်အအုံ တည်ဆောက်မှုအတွက် အဓိကလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးပင်ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းဖြင့် ဒေသ၏ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရန် အထောက်အကူပြုလျက်ရှိသည်။ တစ်ချိန်တည်းတွင် ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခြေခံများလည်း အဘက်ဘက်က တိုးတက်မြင့်မားလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသအလိုက် လိုအပ်ချက်များနှင့်အညီ လမ်းသစ်များ၊ တံတားသစ်များကို တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်း တံတားဦးမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ပန်းဆေးတံတား ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက်နေ့က အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ပန်းဆေးတံတား ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက် အမှာစကားပြောကြားပြီး တံတား၏ မင်္ဂလာကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ပန်းဆေးတံတားသည် စစ်ကိုင်း အင်းဝတံတားကြီးမှ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့သွားသော ခြောက်လမ်းသွားကားလမ်းမပေါ်တွင်တည်ရှိသည်။ အဆိုပါလမ်းပေါ်တွင် ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကျော်ရမည့်တံတားနှင့် ပန်းဆေးချောင်းကို ဖြတ်ကျော်ရမည့် တံတား နှစ်စင်းရှိသည်။ ဒုဋ္ဌဝတီမြစ်ကူးတံတားကို ၁၉၉၉ခုနှစ် ဇန်နဝါရီလက ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခုပန်းဆေးတံတားကို ဆက်လက်ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။

ပန်းဆေးတံတားကို တည်ဆောက်ပြီးစီးသွားသဖြင့် စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုတို့မှ လေယာဉ်စီးခရီးသည်များ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အချိန်တိုအတွင်း သွားလာနိုင်ကြပြီဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ပန်းဆေးတံတားသည် အရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်နှင့် ကြိုတင်အားဖြည့်ကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတော်က လမ်းများ၊ တံတားများကို မနားတမ်းတည်ဆောက်ဖောက်လုပ်ပေးလျက်ရှိရာ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားချင်း ကူးလူးယှက်နွယ် ဆက်သွယ်နိုင်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာရေးတို့ကို များစွာအကျိုးပြုလျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုလမ်းနှင့်တံတားများကို ဆက်လက်တိုးချဲ့ တည်ဆောက်နိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ပင်လုံမြေ၏အလင်္ကာ

(၁)

☆ ညီညွတ်ခြင်းဟာ တို့အင်အား၊
တိုင်းရင်းသားတို့ သမိုင်းကြောင်း၊
မဟောင်းသေးတဲ့ အလင်္ကာ၊
အစဉ်အလာ စည်းလုံးမှု၊
ပြည်ထောင်စုရဲ့ အမြုတေ၊
ပင်လုံမြေကို သက်သေညွှန်း၊
တည်ထွန်းလာတဲ့ လွတ်လပ်ရေး၊
မွေးဖွားရှင်သန် တို့နိုင်ငံ။

(၂)

☆ ကိုလိုနီခေတ်၊
၄၇ ခုနှစ် ဖေဖော်ဝါရီ၊
သက်သေတည်တဲ့ ၁၂ ရက်၊
လက်ချင်းဆက်တဲ့ လွတ်လပ်ရေး၊
လွတ်လပ်ရေးသည် ပဓာန၊
ကျွန်ဘဝကို တော်လှန်၊
တို့နိုင်ငံသည် ပြည်ထောင်စု၊
တည်ထောင်ပြုတဲ့ တိုင်းရင်းသား၊
ရိုင်းပင်းထားတဲ့ မျိုးချစ်စိတ်၊
အတိတ်ဆီက တို့အမွေ၊
ပင်လုံမြေသည် လင်းအရုဏ်။

(၃)

☆ သို့သော်ငြားလည်း လွတ်လပ်ပြီးလျှင်၊
ခရီးအစ ကာလနုမျစ်၊
ခေတ်တစ်ခေတ်တွင် ကောက်ကျစ်အကြံ၊
ဖောက်ပြန်နယ်ချဲ့ သွေးခွဲခဲ့သမျှ၊
သံသယဝင် အထင်လွဲမှား၊
ကွဲပြားယူဆ မတူကြတော့၊
ဒေါသမီးလျှံ ပြင်းထန်ပေါက်ကွဲ၊
စစ်ပွဲကိုခင်း သွေးရင်းသားရင်း၊
အချင်းချင်းသတ် အမုန်းဇာတ်သည်၊
ရပ်တန့်မရှိ ပဋိပက္ခ၊
ဖြစ်ခဲ့ကြ၍ မြန်မာ့ပြည်ထောင်စု၊
တည်တံ့မှုရေး စိတ်မအေးဖွယ်၊
ရင်လေးသောက ကြောင့်ကြပူပန်၊
ရှိရပြန်သည် နိုင်ငံအလုံး၊
ကြိမ်မီးအုံးမျှ ခံစားရ၍၊
မြို့ပြကျေးလက် လယ်ကွက်စိုက်ခင်း၊
ဆုံးရှုံးခြင်းတွေ အသချေ်နှင့်၊
သေကျေအသက် သွေးစက်သွေးစေး၊
မြေကြီးလီမ်းကျံ ငိုသံမစဲ၊
မှောင်မည်းဘဝ ခေတ်ကာလ။

(၄)

☆ ဆယ်စုလေးနှစ် ခေတ်အနိဋ္ဌာရုံ၊
ကြုံခဲ့ရပြီး ဘဝမြေစာ၊
ဖြစ်ခဲ့ရှာသော မြန်မာတိုင်းရင်းသား၊
ပြည်သူများက လိုလားဆန္ဒ၊
တောင့်တမျှော်မှန်း ငြိမ်းချမ်းမှုကို၊
ကြိုဆိုထောက်ခံ ဘဝဂ်ညံခဲ့၊
သံသယကင်း ယုံကြည်ခြင်းဖြင့်၊
ရှင်းသန့်ကြည်လင် အမြင်ဖြောင့်မတ်၊
မွန်မြတ်ရိုးသား သဘောထားက၊
သွေးသားချင်းချင်း တိုင်းရင်းသားတွေ၊
တွေ့ဆုံစေလျက် လက်နက်နဲ့ငြိမ်းချမ်းရေး၊
အပေးအယူ အတူတကွ၊
မျှတဆက်ဆံ လက်ခံကြပြီး၊
ဘဝအသစ် ဖြစ်တည်ရှင်သန်၊
နိုင်ငံတော်၏ အင်အားများ။

(၅)

☆ နိုင်ငံတော်သစ် ရွှေခေတ်ကာလ၊
တည်ဆောက်ကြမည် မြန်မာ့ပြည်ထောင်စု၊
တည်တံ့မှုအား စကားသက်သေ၊
ဆိုရလေလျှင် တို့မြေပင်လုံ၊
ယုံကြည်ရဲရဲ ခိုင်ခိုင်မြဲ။ ။

ကေတုနီလာ

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
- ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ဝိနည်းစာတော်ပြန်ပွဲ ကျင်းပမည်

ရန်ကုန်　　ဖေဖော်ဝါရီ　　၁

ရန်ကုန်တိုင်းလုံးဆိုင်ရာ (၈၄)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲကို ဖေဖော်ဝါရီ ၃ရက်၊ ၄ရက်၊ ၅ရက်တို့တွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးအတွင်းရှိ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ပြီး သံဃာတော် ၁၀၈ပါးတို့သည် ဖေဖော်ဝါရီ ၃ရက်၊ ၄ရက်တို့တွင် ဗဟန်းမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ဖေဖော်ဝါရီ ၅ရက်တွင် လသာမြို့နယ်တို့၌ နံနက် ၈နာရီတွင် ဆွမ်းခံကြွမည်ဖြစ်သည်။ ဖေဖော်ဝါရီ၅ရက် (တပို့တွဲလပြည့်နေ့) မွန်းလွဲ၁နာရီတွင် စာအောင်ဆုနှင်းသဘင်ကို ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export & Credit Insurance Corporation ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

ရန်ကုန်　　ဖေဖော်ဝါရီ　　၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export & Credit Insurance Corporation ဥက္ကဋ္ဌ Mr. Tang Ruoxin အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export & Credit Insurance Corporation ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ Mr. Liang Zhidong နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export & Credit Insurance Corporation **ဥက္ကဋ္ဌ** Mr. Tang Ruoxin **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export & Credit Insurance Corporation **ဥက္ကဋ္ဌ** Mr. Tang Ruoxin **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့် မင်္ဂလာဒုံ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ၌ တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မစန္ဒာဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ထ-ပ-ဆ)

မင်္ဂလာဒုံ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန်　　ဖေဖော်ဝါရီ　　၁

မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း အောင်ဆန်းသူရိယလှသောင်း ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မိဘဆရာအသင်း ဥက္ကဋ္ဌ ဗိုလ်မှူးစိုးသိန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ဌေးဌေးအုန်းတို့က ကျောင်း၏ တစ်နှစ်တာ ပညာသင်ကြားရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသူ မစန္ဒာဝင်းအား ဂုဏ်ပြုဆု ချီးမြှင့်သည်။ ဆက်လက်၍ ခွင့်ပျက်ရက်မရှိ နှစ်စဉ်ဆက်တိုက် ကျောင်းတက်ရက်မှန်ဆုရရှိသူ ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ တစ်နှစ်အတွက် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ၁၃နှစ် ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးအား ငွေကျပ် တစ်သိန်းသုံးသောင်းကို လည်းကောင်း၊ ၁၁နှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးအား ငွေကျပ် တစ်သိန်းတစ်သောင်းကို လည်းကောင်း၊ ခုနစ်နှစ်ဆက်တိုက် ကျောင်း ပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးအား ငွေကျပ်ခုနစ်သောင်းကိုလည်းကောင်း ခြောက်နှစ်ဆက်တိုက်ကျောင်းပျက်ရက်မရှိ ကျောင်းတက်မှန်ဆုရ ဆရာမနှစ်ဦးတို့အား ငွေကျပ် ခြောက်သောင်းစီကို လည်းကောင်း၊ ငါးနှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးအား ငွေကျပ်ငါးသောင်းကို လည်းကောင်း၊ လေးနှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမလေးဦးတို့အား ငွေကျပ် လေးသောင်းစီကိုလည်းကောင်း၊ သုံးနှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမလေးဦးတို့အား ငွေကျပ်သုံးသောင်းစီကိုလည်းကောင်း၊ နှစ်နှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာနှစ်ဦးနှင့် ဆရာမခြောက်ဦးတို့အား ငွေကျပ် နှစ်သောင်းစီနှင့် တစ်နှစ်ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမရှစ်ဦးတို့အား ငွေကျပ် တစ်သောင်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူး ရရှိသူ သုံးဦး၊ လေးဘာသာဂုဏ်ထူး ရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၀ဦး၊ သုံးဘာသာဂုဏ်ထူး ရရှိသူ ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူကျောင်းသား၊ ကျောင်းသူ ၂၄ဦး၊ တစ်ဘာသာဂုဏ်ထူး ရရှိသူ ကျောင်းသား၊ကျောင်းသူ ၂၄ဦး နှင့် အတန်းအသီးသီးမှ ကျောင်းတွင်း ပညာရည်ချွန်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော "မြန်မာအကြောင်းသိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲ"သို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များ ကျိုင်းတုံမြို့စံပြအခါရွာ ရက်ကန်းသင်တန်းကျောင်းတွင် ရိုးရာအကများကိုကြည့်ရှုစဉ်။ (သတင်းစဉ်)

ဝန်ကြီးဦးဝင်းအောင်နှင့် မြန်မာအကြောင်း ဆွေးနွေးပွဲကိုယ်စားလှယ်များ တာချီလိတ်၊ ကျိုင်းတုံ၊ ပူတာအိုနှင့် မြစ်ကြီးနားမြို့များသို့သွားရောက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ (Seminer On Understanding Myanmar)**သို့တက်ရောက်ခဲ့ကြသည့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ ကုလသမဂ္ဂကလေးများနှင့် ပညာရေး ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့် အငြိမ်းစားသံအမတ်ကြီးများ၊ ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊လာအို၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အမေရိကန်ပြည်ထောင်စု၊ ဗီယက်နမ်နိုင်ငံတို့မှ သုတေသနကျွမ်းကျင်ပညာရှင်များ၊ စာတမ်းရှင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်လေဆိပ်သို့ရောက်ရှိရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။**

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်ကို သွားရောက်ကြည်ညို၍ ရင်ပြင်တော်ပေါ်မှနေ၍ တာချီလိတ်မြို့ရှုခင်းကို ကြည့်ရှုစစ်ဆေးပြီး ဘုရင့်နောင် မင်းတရားကြီး၏ ရုပ်တုကိုကြည့်ရှုကာ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ တာချီလိတ်နှင့် မယ်ဆိုင် ချစ်ကြည်ရေးတံတားကိုလည်းကောင်း၊ တံတားအနီးရှိ တာလော့ဈေးနှင့် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးစခန်းတို့ကိုလည်းကောင်း သွားရောက် ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တာချီလိတ်မြို့မှကျိုင်းတုံမြို့သို့ထွက်ခွာပြီး ကျိုင်းတုံမြို့ မိုင်းဇင်းမွေးမြူရေးခြံကို ကြည့်ရှုလေ့လာရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ စခန်း မွေးမြူရေးတာဝန်ခံများက ရုပ်သေဆလိုက်များဖြင့် ရှင်းလင်း ပြသသည်။

ထို့နောက် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုကြရာ တာဝန်ရှိ ပုဂ္ဂိုလ်များက လိုက်လံရှင်းလင်းပြသကြသည်။

ဖျော်ဖြေ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် အဖွဲ့သည် ညပိုင်းတွင် ကျိုင်းတုံဟိုတယ်ခန်းမ၌ လေ့လာရေးခရီးနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြပြီး ရှမ်းပြည်နယ် အရှေ့ပိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြရာ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက ရိုးရာတေးသီချင်းများ အတီးအမှုတ်အကများဖြင့် ဖြေဖျော်ကြသည်။

ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့်စံပြအခါရွာ ရက်ကန်းသင်တန်းကျောင်း၊ ကျိုင်းတုံဒီဂရီကောလိပ်၊ ရုပ်တော်မူဘုရား၊ သစ်တပင်တောင်နှင့် တည်ဆောက်ဆဲတက္ကသိုလ်၊ ကောလိပ်များသို့ သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတုံလေဆိပ်မှမြစ်ကြီးနားလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်းနှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အထူးလေယာဉ်ဖြင့် မြစ်ကြီးနားလေဆိပ်မှ ပူတာအိုလေဆိပ်သို့ ဆက်လက်ထွက်ခွာရာ ပူတာအိုလေဆိပ်တွင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ခိုင်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာအတီးအမှုတ်အကများဖြင့် ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ပူတာအိုမြို့ ဧည့်ရိပ်သာတွင် ခေတ္တရပ်နားပြီး ဧည့်ရိပ်သာအပေါ်မှ ပူတာအိုမြို့ပတ်ဝန်းကျင်နှင့် ခါကာဘိုရာဇီ ရေခဲတောင်၏ ရှုခင်းအလှတို့ကို ကြည့်ရှုလေ့လာပြီး မော်တော်ယာဉ်များဖြင့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ဆက်လက်ပြီး ဝန်ကြီးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မူလာရှီဒီးကျေးရွာသို့ သွားရောက်ကာ မူလာရှီဒီးကြိုးတံတားကိုလည်းကောင်း၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ရိုးရာ အတီးအမှုတ်အကများ၊ ဒေသထွက်ကုန် ရိုးရာအဝတ်အစားများ၊ အသီးအနှံများကိုလည်းကောင်းကြည့်ရှုလေ့လာကြသည်။

၎င်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် အထူးလေယာဉ်ဖြင့် ပူတာအိုလေဆိပ်မှ မြစ်ကြီးနားလေဆိပ်သို့ ထွက်ခွာပြီး ခေတ္တရပ်နားရာ မြစ်ကြီးနားလေဆိပ်တွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၏ ဂုဏ်ပြုလက်ဆောင်များကို တိုင်းမှူးကိုယ်စား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းက ဝန်ကြီးနှင့် အဖွဲ့အား အမှတ်တရ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အထူး လေယာဉ်ဖြင့် ပူတာအိုလေဆိပ်မှ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညနေ ၅နာရီတွင် ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

❍ ပြည်နယ်နှင့်တိုင်းမှ

(ခခ)အုပ်စုတွင် မန္တလေးတိုင်းက နှစ်ပွဲနိုင်ခြောက်မှတ်ဖြင့် ဦးဆောင်လျက်ရှိပြီး ရန်ကုန်တိုင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ စစ်ကိုင်းတိုင်းကတစ်ပွဲသရေ၊တစ်ပွဲရှုံးတစ်မှတ်၊ ကချင်ပြည်နယ်က နှစ်ပွဲရှုံး အမှတ်မရရှိဘဲ ရှိနေသည်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဧရာဝတီတိုင်းနှင့်ကရင်ပြည်နယ်

အောင်ဆန်းကွင်း

ပဲခူးတိုင်းနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)။

(ကြေးမုံ)

(၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ မတ်လ(၁၃)ရက်မှ(၂၁)ရက်အထိကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၀၄ခုနှစ် မတ် ၁၃ရက်မှစ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကျင်းပမည်ဖြစ်သဖြင့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ရတနာပြပွဲတွင် တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၆ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်သည်။

ပြည်ပမှ ရတနာကုန်သည်များအနေဖြင့် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲများကို ဝယ်ယူလိုကြ၍ နှစ်စဉ်ကျင်းပခဲ့သည့် ရတနာပြပွဲများတွင် တက်ရောက်ခဲ့သည့် ရတနာကုန်သည်များအပြင် ပြည်ပမှ ရတနာကုန်သည်အသစ်များကလည်း (၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ရောင်းချမည့် ကျောက်မျက်ရတနာများ အခြေအနေကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ဆက်သွယ်စုံစမ်းလျက်ရှိပြီး ရတနာပြပွဲသို့ တက်ရောက်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချရရှိသည့် ပြည်ပ ပို့ကုန်ရောင်းရငွေ (Export Earning) များဖြင့် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန် လိုအပ်သည့် လောင်စာဆီ၊ ယမ်းနှင့်ဆက်စပ်ပစ္စည်းများနှင့်အခြားလိုအပ်သည်များကို ပြည်ပမှဝယ်ယူတင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းတင်ပြဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များသည် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို အခြေခံရောင်းဈေးများ ညှိနှိုင်းသတ်မှတ်ခြင်းနှင့် အခြားလိုအပ်သည်များကို သတ်မှတ်ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်သည်။ (သတင်းစဉ်)

Blazon Departmental Store ၏ **နှစ်သစ်ကူး အထိမ်းအမှတ် ရန်ပုံငွေဈေးရောင်းပွဲမှ ရရှိသည့် အမြတ်ငွေများ လှူဒါန်းပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပရာ ဂူရှူးသရုပ်ပြပွဲအတွက် ရရှိငွေ ကျပ်တစ်သိန်းငါးသောင်းကို မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ကြူကြူက ကမ္ဘာအေးလူငယ်သင်တန်းကျောင်းသို့ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

အီရတ်တွင် တိုက်ခိုက်မှုအသစ်များ ဆက်တိုက်ဖြစ်ပွားနေ
ကျူးကျော်သူအမေရိကန်နှင့် ပူးပေါင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

အီရတ်ပြောက်ကျားများသည် တိုက်ခိုက်မှုအသစ်များ ပြန်လည်စတင်နေပြီဖြစ်ပြီး အမေရိကန်များနှင့် ပူးပေါင်းသူဟု ယူဆသူများကို ဦးတည်တိုက်ခိုက်လျက်ရှိသည်။ ကြာသပတေးနေ့က ဖြစ်ပွားသော တိုက်ခိုက်မှုတစ်ခုတွင် ဒေသခံလုံခြုံရေးအရာရှိတစ်ဦး သေဆုံးသွားပြီး အခြားလူ ၁၃ ဦးတို့ ဒဏ်ရာရရှိသွားကြသည်။

— သေဆုံး —

ကယ်ကွတ်မြို့ တောင်ဘက်ရှိ အီရတ် လုံခြုံရေးတပ်ဖွဲ့များ စောင့်ကြပ်နေသော စစ်ဆေးရေးစခန်းတစ်ခုကို ပြောက်ကျားများက လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ကယ်ကွတ် ရဲ အကြီးအကဲက ပြောကြားသည်။

အီရတ်နိုင်ငံအလယ်ပိုင်း ဘာကူဘာမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းအဖွဲ့ဖြတ်သွားစဉ် ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသည်။

ထိုဗုံးကို ဒီဇယ်ဆီ သယ်သောလှည်းအတွင်းဝှက်၍ သယ်ဆောင်လာကာ ကင်းအဖွဲ့အလာတွင် ဖောက်ခွဲလိုက်သည့်အတွက် လူ ၁၀ ဦး ဒဏ်ရာရရှိသွားပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဗြိတိသျှတပ်ဖွဲ့များတာဝန်ယူထားရာ ဘာဆရာမြို့၌လည်း အရပ်ဘက်အရာရှိများကို သယ်ဆောင်လာသော ယာဉ်တန်း ဖြတ်သွားစဉ် ဗုံးပေါက်မှု တစ်မှုဖြစ်ပွားခဲ့သည်။

— ဒဏ်ရာရရှိ —

ထိုပေါက်ကွဲမှုကြောင့် အီရတ်သုံးဦး ဒဏ်ရာရရှိသွားကြောင်း ဗြိတိသျှတပ်ဖွဲ့က ပြောကြားသည်။

ဘာကူဘာမြို့သည် ကျူးကျော်မှုဆန့်ကျင်ရေးပြင်းထန်သော ဆွန်နီတြိဂံဒေသတွင် တည်ရှိသည်။ အီရတ်ကို သိမ်းပိုက်ခံရပြီး ၁၀ လကြာသည့်တိုင်အောင် အပေါင်းပါတပ်ဖွဲ့များကို ဆက်လက် တိုက်ခိုက်နေဆဲ ဖြစ်သည်။ ယခုဖြစ်ပွားသော ထိုးနှက်မှုများသည် အသစ်တစ်ဖန် ဖြစ်ပေါ်လာသော တိုက်ခိုက်မှုများ ဖြစ်သည်ဟုဆိုသည်။

အမေရိကန်တပ်ဖွဲ့များက ပြီးခဲ့သော လများအတွင်းက အီရတ်ခုခံရေးသမားများကို ရှာဖွေတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထိုနောက်ပိုင်းတွင် ပြောက်ကျားများသည် တိုက်ခိုက်ရ ပိုမိုလွယ်ကူသော အီရတ်ရဲများ၊ ကာကွယ်ရေး တပ်ဖွဲ့များနှင့် အခြားပစ်မှတ်များဘက်သို့ အာရုံပြောင်းကာ တိုးမြှင့်တိုက်ခိုက်လာသည်ဟု သတင်းများက ဆိုသည်။

မေ ၁ ရက်နေ့ အီရတ်စစ်ပွဲပြီးပြီဟု အမေရိကန်အစိုးရက ကြေညာခဲ့ပြီးချိန် နောက်ပိုင်း ဆက်လက်ဖြစ်ပွားသော အသေခံတိုက်ခိုက်မှုများ၊ ဗုံးခွဲမှုများနှင့် ပစ်ခတ်မှုများကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင် ၃၀၀ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

— ထုတ်ဖော် —

ယခုအခါ အမေရိကန်တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုအကြိမ်အရေအတွက်မှာ လျော့သွားသော်လည်း တိုက်ရပို၍ လွယ်ကူသော ပစ်မှတ်များအပေါ် အာရုံပြုတိုက်ခိုက်မှုများ တိုးမြင့်လာသည့်အတွက် စိုးရိမ်ပူပန်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေ(စ်)က ထုတ်ဖော်ပြောကြားသည်။

— တိုး၍ပူပင် —

၎င်းသည် အီရတ်ရှိ အမေရိကန် တပ်ဖွဲ့များ၏ ဦးစီးမှူးဖြစ်သည်။ ဆန်ချေစ်က အီရတ်သို့ ပြည်ပမှဝင်ရောက်လာသော နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ၏ ရန်မှာလည်း တိုး၍ပူပင်နေရသော ကိစ္စတစ်ရပ်ပင်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သေးသည်။

အင်တာနက်။

ကြည့်ရှုစစ်ဆေး

ဇန်နဝါရီ ၂၈ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုတယ်တစ်ခုရှေ့တွင် အသေခံ ကားဗုံးဖောက်ခွဲမှု ဖြစ်ပွားရာ အပျက်အစီးများအား ကြည့်ရှုစစ်ဆေးနေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

အီရတ်မြောက်ပိုင်း ရေနံပိုက်လိုင်းကို လနှင့်ချီ ပိတ်ထားရဦးမည်
ပြင်ဆင်မှုများပြုလုပ်ရန်နှင့် လုံခြုံရေးကောင်းမွန်ရန်လိုအပ်

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

အီရတ်နိုင်ငံမြောက်ပိုင်းမှ တူရကီနိုင်ငံသို့ ရေနံပေးပို့နေသည့် ပြည်ပပို့ရေနံပိုက်လိုင်းအား ပြင်ဆင်မှုများ ပြုလုပ်နေပြီး လုံခြုံရေးကိုလည်း တင်းကျပ်ထားစဉ် ရေနံပြန်လည်ပေးပို့နိုင်ရန် လအနည်းငယ်ကြာမြင့်ဦးမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

တူရကီနိုင်ငံသို့ ပေးပို့နေသည့် ပြည်ပရေနံပို့ပိုက်လိုင်း ပြန်လည်ရေနံ ပေးပို့နိုင်ခြင်းမရှိမီ လအနည်းငယ်ကြာ ပိတ်ပင်ထားရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပြင်ဆင်ရေးနှင့် လုံခြုံရေးစသည့် အခြေအနေအရပ်ရပ်ကို ညှိနှိုင်းလုပ်ကိုင်စရာရှိသေး၍ ဖြစ်ကြောင်း အီရတ်ရေနံဝန်ကြီးရေးမှူးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဒို့လင်းက ပြောကြားသည်။

ပိတ်ပင်

နွေဦးပေါက်ရာသီတွင်ရေနံပြန်လည် ပေးပို့နိုင်ရန်အတွက် ကယ်ကွတ် ရေနံမြေမှ ရေနံပေးပို့မှုခွင့်ပြုနိုင်ရန် ရေနံပိုက်လိုင်းတစ်လျှောက် လုံခြုံရေး အခြေအနေကို တိုးမြှင့်ပေးနိုင်မည်ဟု အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက မျှော်လင့်ထားကြသည်။ သို့ရာတွင် ရေနံပိုက်လိုင်းဖျက်ဆီးမှုများသည် ရပ်စဲခြင်း မရှိခဲ့ပေ။ လွန်ခဲ့သည့်နှစ်အတွင်း ရေနံပိုက်လိုင်းပေးပို့မှု ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း နောက်ထပ် ဖျက်ဆီးတိုက်ခိုက်မှုများကြောင့် ပိတ်ထားခဲ့ရသည်။

ပြောကြား

လွန်ခဲ့သည့် သုံးလေးလအတွင်း ယင်းရေနံပိုက်လိုင်းများ အကြိမ် ၄၀မျှ ဖျက်ဆီးတိုက်ခိုက်ခံခဲ့ရကြောင်း ရေနံထုတ်လုပ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဧပြီလအတွင်း အီရတ်စစ်ပွဲပြီးဆုံးခဲ့ပြီးကတည်းက မလိုတမာဖျက်ဆီးသူများက အီရတ်မြောက်ပိုင်း ရေနံများအား မကြာခဏ မီးရှို့ဖျက်ဆီးမှုများကြောင့် အီရတ်တောင်ပိုင်း ရေနံမြေများမှ ရေနံစိမ်းပြည်ပပို့မှုများကို အီရတ်နိုင်ငံတွင် ထိန်းချုပ်ထားခဲ့သည်။

အင်အင်အေးရိုက်တာ။

ဇန်နဝါရီ ၂၈ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲပြီးနောက် ပျက်စီးခဲ့ရသော ယာဉ်တစ်စီးကို တွေ့ရစဉ် *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြို့မြောက်ဘက် ဘာကူဘာမြို့၌ ဗုံးပေါက်ကွဲ
လူအသေအပျောက်များပြားနိုင်ဟု မျက်မြင်တွေ့ရှိသူများပြောဆို

ဘာကူဘာ(အီရတ်) ဇန်နဝါရီ ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း ဘာကူဘာမြို့တွင် အီရတ်လုံခြုံရေးကင်းလှည့်အဖွဲ့ ကြာသပတေးနေ့က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ လူအသေအပျောက် များပြားနိုင်ကြောင်းဖြင့် မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ထပ်တလဲလဲ

ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း မိုင် ၄၀ အကွာရှိ ဘာကူဘာမြို့၌ နံနက် စောစောပိုင်းက အီရတ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ကင်းလှည့်စဉ် ၎င်းတပ်ဖွဲ့ဝင်များ ဗုံးပေါက်ကွဲမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ယင်းဒေသတွင် အီရတ်တပ်ဖွဲ့ဝင်များ မကြာမီ ရက်သတ္တပတ်များအတွင်း ထပ်တလဲလဲ အတိုက်ခံခဲ့ရသည်။

သင်္ကာမကင်းဖြစ်

ဘာကူဘာမြို့ ရဲစခန်းပြင်ဘက်တွင် လွန်ခဲ့သည့်ရက်သတ္တ နှစ်ပတ်က အသေခံကားဗုံးဖောက်ခွဲသူတစ်ဦးဟုသင်္ကာမကင်းသူက ဗုံးဖောက်ခွဲခဲ့ရာ လမ်းဘေးမှ ရပ်ကြည့်နေသူများ သေဆုံးခဲ့သည်။ လွန်ခဲ့သည့် နှစ်ကုန်ခါနီးကလည်း ဘာကူဘာမြို့ရှိရဲဌာနနှင့် အနီးအပါးရှိ မြို့တစ်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် လူတစ်ဒါဇင်ကျော် သေဆုံးခဲ့ရသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ အထူးသဖြင့် ရဲတပ်ဖွဲ့သည် အီရတ်နိုင်ငံ သိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သည်ဟုယူဆပြီး အီရတ်နိုင်ငံရှိ ပြောက်ကျားများက ပစ်မှတ်အဖြစ် ထားရှိကာ တိုးမြှင့်တိုက်ခိုက်မှုကို ခံရလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ။**

အီရတ်သို့စေလွှတ်မည့် ကုလသမဂ္ဂမစ်ရှင်အဖွဲ့ အကြံဉာဏ်ပေးရန်သာဖြစ်

ဘရပ်ဆယ် ဇန်နဝါရီ ၃၀

အီရတ်နိုင်ငံသို့စေလွှတ်မည့် ကုလသမဂ္ဂမစ်ရှင်အဖွဲ့သည် အကြံဉာဏ်ပေးရန်သာဖြစ်ပြီး ပဋိပက္ခများဖြင့် ရောပြွမ်းနေသည့် အီရတ်နိုင်ငံသို့ ကုလသမဂ္ဂဝန်ထမ်းများ စုံစုံညီညီပြန်လာရောက်ခြင်း မဟုတ်ကြောင်းဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကိုဖီအာနန်က ဥရောပကော်မရှင်ဥက္ကဋ္ဌနှင့် တွေ့ဆုံပြီးသည့်နောက် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ ကိုဖီအာနန်သည် ဥရောပကော်မရှင်ဥက္ကဋ္ဌ ရိုမန်နိုပရောဒီ၏ ဖိတ်ကြားချက်အရ ဥရောပသို့အလည်အပတ်သွားရောက်နေခြင်းဖြစ်သည်။

အီရတ်နိုင်ငံသို့ စေလွှတ်မည့်အဖွဲ့ မသွားမီ မိမိတို့က လုံခြုံရေးအစီအစဉ်များကို အကဲဖြတ်သုံးသပ်ကြမည်ဖြစ်ကြောင်း ကိုဖီအာနန်က ဥရောပကော်မရှင်ဌာနချုပ်တွင် ပြောကြားသည်။ အီရတ်ပြည်သူလူထုအား အာဏာလွှဲအပ်ရာတွင် ကူညီပံ့ပိုးရန် ကုလသမဂ္ဂက မစ်ရှင်အဖွဲ့တစ်ဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအကြီးအကဲ ကိုဖီအာနန်က ပါရီတွင်ကြေညာခဲ့သည်။

အဆိုပါမစ်ရှင်သည် ဇွန် ၃၀ရက်မတိုင်မီ ယာယီအစိုးရ ဖွဲ့စည်းတည်ထောင်မည့် လုပ်နည်းလုပ်ထုံးနှင့် ပတ်သက်၍ ဘက်ပေါင်းစုံမှအကူအညီပေးရန် ကြိုးပမ်းအားထုတ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယာယီအစိုးရအဖွဲ့အတွက် မည်သည့်လုပ်နည်းလုပ်ထုံးမျှ သဘောတူညီမှု မရခဲ့ပါက အီရတ်နိုင်ငံတွင် သဘောထားကွဲလွဲမှုများနှင့် ပဋိပက္ခများဆက်လက်တည်ရှိနေဦးမည်ကို မိမိစိုးရိမ်ပူပန်မိကြောင်း ကိုဖီအာနန်က ထပ်လောင်းပြောကြားသည်။

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များအနေဖြင့် အီရတ်ပြည်သူလူထုအား ချောချောမွေ့မွေ့ အာဏာလွှဲပြောင်းပေးရေးအတွက် တာဝန်ရှိသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အပေါင်းပါတပ်ဖွဲ့သည် အုပ်ချုပ်နေသည့်အဖွဲ့ဖြစ်ပြီး ၎င်းတို့အား အဘက်ဘက်က ကူညီပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကိုလည်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

အမေရိကန်တို့ လေကြောင်းမှ ကျူးကျော်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေကျေကြရ

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့သည် နိုင်ငံတကာဥပဒေကိုချိုးဖောက်ကာ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ၂၀၀၃ ခုနှစ် မတ်လ၂၀ရက်မှ စ၍ မြို့တော် ဘဂ္ဂဒက်ကို အမေရိကန်တပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်ခဲ့ရာတွင် အရပ်ဘက် အဆောက်အအုံအများအပြား ထိမှန်ပျက်စီးခဲ့ရပြီး အပြစ်မဲ့ပြည်သူ အမြောက်အမြား သေကျေဒဏ်ရာ ရခဲ့ကြသည်။

ကျူးကျော်စစ်ပွဲကာလအတွင်း စစ်ပွဲစတင်သည့် မတ်လတစ်လတည်း မှာပင် အရပ်သား ၃၅၀ ကျော် သေဆုံးခဲ့ရပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။

ဗုံးကြဲတိုက်ခိုက်

မြို့တော် ဘဂ္ဂဒက်ကို အမေရိကန် ဦးဆောင်သောတပ်ဖွဲ့က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်သဖြင့် အဆောက်အအုံများ မီးလောင်နေသည်ကို တွေ့ရစဉ်။

အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များ၏ ဗုံးကြဲ တိုက်ခိုက်မှုကြောင့် ဒဏ်ရာ ရရှိခဲ့သည့် အီရတ် ကလေးငယ် တစ် ဦးကို ဘဂ္ဂဒက်ရှိ ဆေးရုံ တစ်ရုံတွင် တွေ့ရစဉ်။

လေကြောင်းတိုက်ခိုက်မှုကြောင့် အီရတ်တို့သေဆုံးရမှုများ

နေ့စွဲ	နေရာ	သေဆုံးသူ
မတ်လ၂၀မှဧပြီ၃	မိုဟာမိဒီယာခရိုင်	၂၂
မတ်လ၂၀မှဧပြီ၃	နာဆီရီယာ	၂၄၀
မတ်လ၂၀မှဧပြီ၇	ဗဟိုဆေးရုံကြီးနှင့်ဘာဆာရာ	၂၁၀
၂၀-၃-၂၀၀၃	ရွတ်ဘာ	၁
၂၂-၃-၂၀၀၃	တီကရစ်	၅
၂၂-၃-၂၀၀၃	ဘဂ္ဂဒက်	၃
၂၆-၃-၂၀၀၃	ဘဂ္ဂဒက်	၂၁
၂၇-၃-၂၀၀၃	မိုဆူးလ်	၅၀
မတ်လ၂၇မှ ဧပြီ ၁၂	ဟီလာဒေသဝန်းကျင်	၂၀၁
၂၈-၃-၂၀၀၃	မစ်ဆန်	၂
၂၈-၃-၂၀၀၃	ဝါဆက်	၂
၂၈-၃-၂၀၀၃	ဘာဘယ်	၂၆
၂၈-၃-၂၀၀၃	ကာဘာလာ	၁၁
၂၈-၃-၂၀၀၃	ဘဂ္ဂဒက်	၇
၂၈-၃-၂၀၀၃	ဘဂ္ဂဒက်	၆၂
၂၉-၃-၂၀၀၃	နာဂျက်ဖ်	၃၅
၂၉-၃-၂၀၀၃	ကာဘာလာ	၆
၂၉-၃-၂၀၀၃	ဘာဘယ်	၃
၂၉-၃-၂၀၀၃	အင်ဘာ	၂၈
၂၉-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၀-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၁-၃-၂၀၀၃	ဘဂ္ဂဒက်	၆
၃၁-၃-၂၀၀၃	ဟီလာမြို့အနီး	၁၅
၁-၄-၂၀၀၃	ဘဂ္ဂဒက်	၂၄
၁-၄-၂၀၀၃	ဘောဘီလုံပြည်နယ်	၃၃
၃-၄-၂၀၀၃	ဘဂ္ဂဒက်	၂၇
၅-၄-၂၀၀၃	ရာရှီဒီယား	၉၉
၈-၄-၂၀၀၃	အယ်ဂျာဇီရာရုံး	၁
၉-၄-၂၀၀၃	ဖတ်လီယာ	၄
ဧပြီ၁ရက်မှ ၂၂ရက်အထိ	ဘဂ္ဂဒက်မိုင်၁၀၀ဝန်းကျင်	၁၈
၂၃-၉-၂၀၀၃	အယ်ဂျီဆာရှာ	၃
၂၃-၉-၂၀၀၃	ခါဟာဒီရပ်	၁
	စုစုပေါင်း	**၁၁၆၉**

ရှာဖွေ

ဘဂ္ဂဒက်မြို့တော်ကို လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ခြင်းကြောင့် ပျက်စီးသွားရသော အရပ်သူ၊ အရပ်သား နေအိမ်များအနက် ပိုင်ရှင်တစ်ဦးက ၎င်း၏ နေအိမ်အပျက်အစီးများမှ ရနိုင်သည့်ပစ္စည်းများကို ရှာဖွေနေစဉ်။

အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသည့် အရပ်သားများ။ (အပေါ်ပုံ)

အမေရိကန်နှင့် ဗြိတိသျှတို့က စစ်လေယာဉ်များ၊ ဒုံးပျံများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် အီရတ်အရပ်သူအရပ်သားတို့၏ နေအိမ်များ ပျက်စီးခဲ့ရသည်ကို တွေ့ရစဉ်။ (အောက်ပုံ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၃
လယ်ယာကဏ္ဍ		
အသားတင်စိုက်ဧက	၈၆၁၀၀၀	၁၀၈၀၆၇၄
သားငါးကဏ္ဍ		
ရေချိုရေငန်ပုစွန် မွေးမြူရေးကန်ဧက	၆၀၀၀၀	၁၅၅၃၃
ပြည်ထောင်စုလမ်းကြီးများ		
ရန်ကုန်–စစ်တွေ	–	၆၂၈ မိုင်
သံတွဲ–တောင်ကုတ်–ရန်ကုန်	–	၃၂၃ မိုင်
သံတွဲ–ဂွ–ငသိုင်းချောင်း–ရန်ကုန်	–	၂၃၅ မိုင်
ကျောက်ဖြူ–ရန်ကုန်	–	၅၄၈ မိုင်
ဖောက်လုပ်ဆဲလမ်းနှင့် အဆင့်မြှင့်တင်လမ်းများ		
ဂွ–သံတွဲလမ်း	–	၈၃ မိုင်
အမ်း–ပဒေးကော–မအီလမ်း	–	၄၄ မိုင်
တောင်ကုတ်–ကျောက်ဖြူလမ်း	–	၄၂ မိုင်
တောင်ကုတ်–မအီလမ်း	–	မိုင် ၄၀
ရန်ကုန်–စစ်တွေလမ်း	–	၂၀၂ မိုင်
တံတားများ		
ပေ ၁၈၀အထက်တံတား	–	၂၆ စင်း
တည်ဆောက်ဆဲတံတား	–	၆ စင်း

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော မြို့မဈေးသစ်ကြီးကို တွေ့ရစဉ်။

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း



ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၃
ဆက်သွယ်ရေး		
စာတိုက်	၄၄	၈၀
ကြေးနန်းရုံး	၂၀	၂၅
တယ်လီဖုန်းအိတ်ချိန်း	၁၆	၄၁
အော်တိုတယ်လီဖုန်း	၈၀၀	၂၃၈၅
လက်လှည့်တယ်လီဖုန်း	၇၀၀	၃၄၂၉
ဂြိုဟ်တုဆက်သွယ်ရေးစခန်း	–	၁
မိုက်ကရိုဝေ့ဗ်	၅	၁၀
ပြန်ကြားရေး		
မြန်မာ့အလင်း/ကြေးမုံ (ကိုယ်ပွားသတင်းစာတိုက်၊စစ်တွေ)	–	၁
ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	၁	၁၁

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၃
အခြေခံပညာရေး		
အထက်တန်းကျောင်း	၃၆	၅၀
အလယ်တန်းကျောင်း	၁၀၉	၁၃၅
မူလတန်းကျောင်း	၂၂၄၆	၂၅၁၇
အဆင့်မြင့်ပညာရေး		
တက္ကသိုလ်	–	၁
ကောလိပ်	–	၃
ကျန်းမာရေး		
ခုတင် ၁၀၀ဆေးရုံ	၂	၃
၂၅ခုတင်ဆေးရုံ	၁	၅
တိုက်နယ်ဆေးရုံ	၁၉	၂၃
ကျေးလက်ကျန်းမာရေးဌာန	၉၅	၉၉
ကျေးလက်ကျန်းမာရေးဌာနခွဲ	၃၈၀	၃၉၅
သူနာပြု/သားဖွားသင်တန်းကျောင်း	–	၁

စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်

ရခိုင်ကမ်းလွန်ဒေသရှိ စီးပွားဖြစ်သဘာဝ ဓာတ်ငွေ့သိုက်ဖြစ်သော လုပ်ကွက်အမှတ် A-1၊ ရွှေ–၁ အစမ်းတွင်းမှ ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များအား မီးရှို့ထားသည်ကို ဝေဟင်မှ တွေ့ရစဉ်။

စနဲပေါက်တံတား

ရန်ကုန်–ကျောက်ဖြူလမ်းမကြီးပေါ်တွင်တည်ရှိပြီး စနဲပေါက်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် စနဲပေါက်တံတား(အရှည် ၇၈၉ပေနှင့် လေးလက်မ)ကို ဖွင့်ပွဲအခမ်းအနားကျင်းပသည့် ၁၇–၁၁–၂၀၀၃ရက်နေ့က တွေ့ရစဉ်။

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

ပင်လုံညီလာခံတွင် မြဲမြံခိုင်မာစွာ ရှင်သန်လာခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် လွတ်လပ်ရေးအတွက် ထက်မြက်စူးရှသော၊ ထိရောက်သောခွန်အား ဖြစ်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးခွန်အားဖြင့် နယ်ချဲ့ဗြိတိသျှတို့၏ ကိုလိုနီထမ်းပိုးကို ရိုက်ချိုး၍ လွတ်လပ်ရေးကို ရယူခဲ့သည်။ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို နယ်ချဲ့ဗြိတိသျှတို့က သွေးခွဲသပ်လျှိုရန် အကြိမ်ကြိမ် လုပ်ကြံခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ပြီး နှစ်ပေါင်းထောင်ချီလျက် ဥမကွဲသိုက်မပျက် ပေါင်းဖက် နေထိုင်လာခဲ့သည့် တိုင်းရင်းသားတို့သည် အရေးကြီးတော့ သွေးနီးလာခဲ့ကြသည်။

ထို့နောက် မြန်မာတိုင်းရင်းသားပြည်သူတို့၏ အသက် သွေးချွေးတို့ ရင်းနှီး၍ ရယူတည်ဆောက်ခဲ့ရသော လွတ်လပ်ရေး မီးရှူးတန်ဆောင်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဂုဏ်ရောင်ရွှန်းတင့်လျက် လင်းလက်စွာတောက်ပခဲ့သည်။ တိုင်းရင်းသား ပြည်သူတို့၏ စည်းလုံးညီညွတ်ရေးခွန်အားဖြင့် တည်ဆောက်ရယူခဲ့သည့် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခိုင်ခံ့စွာ ရပ်တည်လာခဲ့ပြီဖြစ်သည်။

သို့စေကာမူ လွတ်လပ်ရေးရပြီး သုံးလတာကာလမျှသာရှိသေးသည့် လွတ်လပ်ရေးသက်တမ်းနုစဉ်ပင် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)သည် လက်ဝဲအစွန်းရောက်တရားသေဝါဒဖြင့် လက်နက်ကိုင်တောခိုခဲ့ကြသည်။ ပြည်တွင်းသောင်းကျန်းမှုအစ ဗကပဟု ဆိုရပါလိမ့်မည်။ တစ်ဆက်တည်းမှာပင် ရဲဘော်ဖြူတို့သည် လည်းကောင်း၊ အခြားသော တိုင်းရင်းသား အဖွဲ့အစည်းအချို့သည် လည်းကောင်း လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြရာ နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းမှုကင်းမဲ့ခဲ့သည်။ ထိုမှတစ်ဆင့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အန္တရာယ်ပေးရန် ခြိမ်းခြောက်လာခဲ့သည်။ ပြည်ထောင်စု ပြိုကွဲမည့်အလားအလာများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေအနေများမှာ ၁၉၄၉ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်ကာလအတွင်း ဖြစ်ပေါ်လာခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျပ်အတည်းများပင်ဖြစ်သည်။ ယင်းအကျပ်အတည်းများအား တပ်မတော်နှင့်အတူ ပြည်ထောင်စုကြီးကို မြတ်နိုးကြသော တိုင်းရင်းသားပြည်သူများစွာ၏ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး အင်အားဖြင့် ကျော်လွှားဖြေရှင်းနိုင်ခဲ့သည်။ ပြည်ထောင်စုကြီးသည် ဘေးမသီရန်မခဘဲ ငြိမ်းချမ်းခိုင်မာသောဘဝသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ယင်းကာလအတွင်းမှာပင် ၁၉၅၁ခုနှစ်မှစ၍ မြန်မာနိုင်ငံထဲသို့ ကျူးကျော်ဝင်ရောက်လာခဲ့သော ကေအမ်တီတရုတ်ဖြူတို့ကလည်း နယ်ချဲ့သူလျှိုအဖွဲ့အစည်းကြီး၏ ကွန်ရက်ထဲမှ တည်ကြက်သဖွယ် အန္တရာယ်ပေးလာခဲ့သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ တပ်မတော်သည် ရန်ကြီးအောင်၊ ဘုရင့်နောင်၊ နဂါးနိုင်၊ မဲခေါင်စသော စစ်ဆင်ရေးကြီးများဖြင့် ကေအမ်တီတရုတ်ဖြူတို့၏ ကျူးကျော်မှုကို တွန်းလှန် ချေမှုန်းခဲ့ရသည်။ အခြားတစ်ဖက်ကလည်း နိုင်ငံရေးအရသံခင်း တမန်ခင်းဖြင့် ကုလသမဂ္ဂသို့ နယ်ချဲ့သူလျှိုတို့၏ လုပ်ကြံမှုအား အထောက်အထားအခိုင်အမာဖြင့် တိုင်ကြားအရေးယူဖြေရှင်းခဲ့ရသည်။

ယင်းသို့ ကေအမ်တီ တရုတ်ဖြူများက မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်မှုကို နိုင်ငံတော်က စစ်ရေး၊ နိုင်ငံရေးနည်းလမ်းများဖြင့် ကာကွယ်တားဆီးတွန်းလှန်ချေမှုန်းခဲ့ရသကဲ့သို့ ပြည်တွင်း နိုင်ငံရေးအခြေအနေ ရှုပ်ထွေးမှုကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ နိုင်ငံတကာ နယ်ချဲ့သူလျှိုများသည် နိုင်ငံတကာ ပြည်တွင်းရေးများတွင် သံခင်းတမန်ခင်း နည်းလမ်းများ၊ စီးပွားရေးအထောက်အပံ့ နည်းလမ်းများ၊ ပညာရေးနှင့် ဝါဒ ဖြန့်ချိရေးနည်းလမ်းများကို ယင်းတို့၏ ဩဇာခံများဖြင့် ဝင်ရောက်စွက်ဖက်ရန် ကျင့်သုံးခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ဖို့ဒ်ဖောင်ဒေးရှင်း၊ အာရှဖောင်ဒေးရှင်းဟူသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း အသွင်ယူလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စာပေယဉ်ကျေးမှု နယ်ပယ်များတွင် ဝင်ရောက်စွက်ဖက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အား အန္တရာယ်ပေးခဲ့သဖြင့် နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ မတည်ဆောက်နိုင်ခဲ့ပေ။ ဥပမာအားဖြင့် ပြည်တော်သာ စီမံကိန်းအား နိုင်ငံတကာ နယ်ချဲ့ သူလျှိုတို့၏ အကြံဉာဏ်ဖြင့် ချမှတ်အကောင်အထည်ဖော်ခဲ့ရာတွင် အောင်မြင်မှုမရခဲ့ဘဲ နိုင်ငံနှင့်ပြည်သူတို့ကို ဆင်းရဲတွင်းနက်စေခဲ့သည်။

ဤတွင် ဖဆပလအစိုးရအတွင်း အချင်းချင်း ပဋိပက္ခဖြစ်လာခဲ့သည်။ ၁၉၅၈ခုနှစ်တွင် ဖဆပလ အဖွဲ့သည် တည်မြဲသန့်ရှင်းဟူ၍ နှစ်ခြမ်းကွဲခဲ့ခြင်း၊ အစိုးရ အာဏာရရှိရေးအတွက် ပြည်သူ့လွှတ်တော်တွင် တည်မြဲ ဖဆပလနှင့် သန့်ရှင်းဖဆပလတို့ အားပြိုင်ခဲ့ကြရာ သန့်ရှင်းဖဆပလက အတိုက်အခံ ပမညတနှင့်ပူးပေါင်းပြီးအနိုင်ရရှိခဲ့ခြင်း၊ သန့်ရှင်းဖဆပလ အစိုးရသည် ပြည်တွင်းနိုင်ငံရေး ပဋိပက္ခကြောင့် အကြမ်းဖက်မှုများ၊မင်းမဲ့စရိုက်များဖြစ်ပွားလာသည်ကို တားဆီးနိုင်မှုမရှိခြင်း စသော ပြဿနာများကို ရင်ဆိုင်လာခဲ့ရပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်လာစေခဲ့သည်။ ပြည်ထောင်စု ပြိုကွဲနိုင်သော နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေအနေများအား သန့်ရှင်းဖဆပလအစိုးရသည် ဖြေရှင်းနိုင်စွမ်းမရှိတော့သဖြင့် ၁၉၅၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်နေ့တွင် တပ်မတော်သို့ ပြည်သူလွှတ်တော်မှတစ်ဆင့် အိမ်စောင့်အစိုးရဖွဲ့စည်းပြီး နိုင်ငံတော်ကို ယာယီတာဝန်ယူဦးဆောင်ပေးရန် လွှဲအပ်ခဲ့သည်။ တပ်မတော်သည် အိမ်စောင့်အစိုးရကို ဖွဲ့စည်းပြီး ရပ်ရွာ အေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက်လျင်မြန်သွက်လက်စွာ အရေးယူဆောင်ရွက်ခဲ့သည်။ ပြည်သူတို့၏ စားဝတ်နေရေးကို သက်သာ ချောင်ချိရန် ဆောင်ရွက်နိုင်ခဲ့သည်။ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ လက်နက်ကိုင် အဖွဲ့အစည်းများကို ပြန်လည် ပြုပြင်ဖွဲ့စည်းပေးနိုင်ခဲ့သည်။ ယင်းနောက် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၉ရက်တွင် လူမျိုးစုလွှတ်တော် ရွေးကောက်ပွဲကိုလည်းကောင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများအဖြစ် ကျင်းပပေးပြီး အနိုင်ရရှိသော သန့်ရှင်း ဖဆပလ (ပထစ)အစိုးရအား ဧပြီ ၄ ရက်နေ့တွင် အာဏာလွှဲပြောင်း ပေးအပ်ခြင်းဖြင့် ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော နိုင်ငံရေး အကျပ်အတည်းများကို ဖြေရှင်းနိုင်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုမပြိုကွဲရန် ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။ ပြည်ထောင်စုကြီး ပြိုကွဲမည့် အန္တရာယ်များအား ဖယ်ရှားနိုင်ခဲ့သည်။

ပြည်ပကျူးကျော်မှုများကို တိုက်ခိုက် နှိမ်နင်း ခဲ့ရသော စစ်ဆင်ရေးတစ်ရပ်၏ မြင်ကွင်း။



တို့သွေးတို့သား

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ

သို့သော်လည်း ပထစအစိုးရသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တာဝန်ခွဲဝေမှုမှတစ်ဆင့် ပထစအဖွဲ့၏ နိုင်ငံရေး၊ စည်းရုံးရေးသည် ဂိုဏ်းဂဏအစွဲအလမ်းများ၊ ပုဂ္ဂိုလ်ရေးအုပ်စုဖွဲ့ ဩဇာထူထောင်မှုများဖြင့် ဦးဗိုလ်အုပ်စု၊ သခင်အုပ်စုဟူ၍ ပါတီတွင်းကြီးမားသော ပဋိပက္ခများ ဖြစ်လာခဲ့သည်။ ထို့ပြင် ရွေးကောက်ပွဲ နှုတ်ကတိလွန်မှုများကြောင့်လည်း ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်။ တိုင်းရင်းသားအချင်းချင်း သံသယဝင်အထင်လွဲမှားပြီး စည်းလုံးညီညွတ်ရေး ပြိုကွဲရန် ဖန်တီးပေးသကဲ့သို့ ဖြစ်လာခြင်းတို့သည် ပထစအစိုးရအတွက် နိုင်ငံရေး၊ စည်းရုံးရေး ကျဆင်းလာစေခဲ့သည်။ ပြည်သူတို့၏ ယုံကြည်ထောက်ခံမှု ပျက်ပြားလာစေခဲ့သည်။

ယင်းအခြေအနေကို အခွင့်အရေးအဖြစ် အသုံးချလာခဲ့သော နိုင်ငံတကာ နယ်ချဲ့သူလျှိုအဖွဲ့သည် ပဒေသရာဇ်အခွင့်အာဏာကို မစွန့်လိုကြသော စော်ဘွားအချို့နှင့် လူမျိုးရေးအစွန်းရောက် တိုင်းရင်းသား နိုင်ငံရေးအဖွဲ့အစည်းအချို့ကိုဆက်သွယ်ပြီးပြည်ထောင်စုမှ ခွဲထွက်ရန် စည်းရုံးလာခဲ့သည်။ ပထစအစိုးရသည် ယင်းပြဿနာကို ပြတ်သားစွာ မဖြေရှင်းနိုင်ဘဲ အချိန်ဆွဲရေးကို ဦးတည်ပြီး ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၈ ရက်နေ့အထိ ပြည်မပြည်နယ် ခေါင်းဆောင်များ နီးနှောဖလှယ်ပွဲကျင်းပပေးခြင်းဖြင့် နှစ်သိမ့်ချော့မော့ရန် ကြိုးပမ်းခဲ့သည်။

သို့သော်လည်းအခြေအနေအရပ်ရပ်သည် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးကို အန္တရာယ်ပေးရန် ခြိမ်းခြောက်လာခဲ့သဖြင့် ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့တွင် တပ်မတော်သည် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူထိန်းသိမ်းခဲ့ရသည်။

ထို့နော
ကိုင်ဆန့်ကျ
အား တွေ့ဆ
ရယူတည်ဆေ
တွင် ကမ်းဝ
ပါတီ (ဗက
သောင်းကျန်
ရှစ်ဖွဲ့သည်
တွေ့ဆုံဆွေး
အဖွဲ့များအ
သော ကေ
ချုပ်ဆိုအော

တော်လှ
သော အမျိုး
နိုင်ရန်အတွ
ဖျက်သိမ်းေ

လွတ်လ
အစိုးရ၊ ပထ
အန္တရာယ်မှ
တိုင်းရင်းသ
ဆိုင်ရာလုပ်
မပေးနိုင်ခဲ့ေ
တွင်လည်း
သံသယပွား
လက်နက်ကိ
တိုးတက်ေ
ကို မဆော
ဆိုရသော်
မရှိသဖြင့်
ဝေးနေခဲ့ရ

သွေးတို့သား တို့အင်အား

ာက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဆောင်းပါး

ကြယ်ဖြူ

ိုးရသည် အစိုးရအဖွဲ့ဝင် ာစ်ဆင့် ပထစအဖွဲ့၏ ဏ်းဂဏအစွဲအလမ်းများ၊ ထောင်မှုများဖြင့် ဦးဗိုလ် ပါတီတွင်းကြီးမားသော ထို့ပြင် ရွေးကောက်ပွဲ ည်း ပဋိပက္ခများ ဖြစ်ပေါ် ချင်းချင်း သံသယဝင် ွတ်ရေး ပြိုကွဲရန် ဖန်တီး ကို့သည် ပထစအစိုးရ ကျဆင်းလာစေခဲ့သည်။ က်ခံမှု ပျက်ပြားလာစေခဲ့

င့်အရေးအဖြစ် အသုံးချ ယ်ချဲ့သူလျှိုအဖွဲ့သည် စွန့်လိုကြသော စော်ဘွား ရောက် တိုင်းရင်းသား က်သွယ်ပြီးပြည်ထောင်စု ည်။ ပထစအစိုးရသည် မဖြေရှင်းနိုင်ဘဲ အချိန် ၂ ခုနှစ် ဖေဖော်ဝါရီလ ပြည်မပြည်နယ် ခေါင်း င်းပပေးခြင်းဖြင့် နှစ်သိမ့် ။

အရပ်ရပ်သည် တိုင်းရင်း ် ပြည်ထောင်စုတည်တံ့ ခြိမ်းခြောက်လာခဲ့သဖြင့် ့တွင် တပ်မတော်သည် ည်းပြီး နိုင်ငံတော်တာဝန် ခဲ့ရသည်။

ထို့နောက် တော်လှန်ရေးကောင်စီသည် လက်နက်ကိုင်ဆန့်ကျင် တိုက်ခိုက်နေကြသော အဖွဲ့အစည်းများအား တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရယူတည်ဆောက်ရန် ၁၉၆၃ ခုနှစ် ဇွန်လ ၁၁ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ အလံဖြူ ကွန်မြူနစ်ပါတီ (ဗကပ)၊ အလံနီကွန်မြူနစ်ပါတီနှင့် အခြားသောင်းကျန်းသူအဖွဲ့ ခြောက်ဖွဲ့ အပါအဝင် စုစုပေါင်း ရှစ်ဖွဲ့သည် တော်လှန်ရေးကောင်စီနှင့် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးခဲ့ကြသော အဖွဲ့များအနက် စောဟန်တာသာမွှေး ခေါင်းဆောင်သော ကေအာရ်စီအဖွဲ့နှင့်သာ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုအောင်မြင်ခဲ့သည်။

တော်လှန်ရေးကောင်စီသည် တလုံးတစည်းတည်းသော အမျိုးသား စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေးပါတီ အဖွဲ့အစည်းအားလုံးကို ဖျက်သိမ်းစေခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများတွင်ဖဆပလ အစိုးရ၊ ပထစ အစိုးရတို့သည် ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်များ၊ ပါတီအတွင်း အကွဲအပြဲများကြောင့် တိုင်းရင်းသားပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်မပေးနိုင်ခဲ့ချေ။တော်လှန်ရေးကောင်စီအစိုးရ လက်ထက်တွင်လည်း နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် သံသယပွားကာ အမြင်မှားနေကြသော တောတွင်းလက်နက်ကိုင်များကြောင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဆောင်ရွက်နိုင်ဘဲရှိခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရသော် ထိုစဉ်က ဒေသအတွင်း အေးချမ်းတည်ငြိမ်မှု မရှိသဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းစများနှင့်လည်း ဝေးနေခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဒေသတစ်ခု၊ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန်မှာ ဒေသအတွင်း အေးချမ်းတည်ငြိမ်ရေး၊ တိုင်းပြည်၏ အေးချမ်းတည်ငြိမ်ရေးသည် လွန်စွာမှ အဓိကကျပေသည်။ ယနေ့ကာလ မြန်မာနိုင်ငံတွင် အေးချမ်းတည်ငြိမ်မှု ရရှိခဲ့ခြင်းမှာ တိုင်းရင်းသားညီအစ်ကိုတို့၏ စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမြဲမြံခဲ့သောကြောင့် ဖြစ်သည်။

လမ်းစဉ်ပါတီ အစိုးရသည် နိုင်ငံတော်အား ဆိုရှယ်လစ်နိုင်ငံတော်အဖြစ် တည်ဆောက်ရန် ကြိုးပမ်းခဲ့ရာတွင် လူပုဂ္ဂိုလ်တို့၏ အားနည်းချက်များနှင့် လုပ်ငန်းဆိုင်ရာ အားနည်းချက်များ အပါအဝင် နိုင်ငံတကာ ဆိုရှယ်လစ်နိုင်ငံများ၏ ပြောင်းလဲဖြစ်ပေါ်မှု ဂယက်များ ရိုက်ခတ်လာသဖြင့် ၁၉၈၈ ခုနှစ်အတွင်း ပြည်တွင်းပြည်ပ မြေပေါ်မြေအောက်နှင့် လက်ဝဲ လက်ယာ နိုင်ငံရေးအုပ်စုများက ပြည်ထောင်စု ပြိုကွဲအောင် စေ့ဆော် ဖန်တီးလာခဲ့သည်။ နိုင်ငံတော်သည် ဆူပူမှု အရေးအခင်းကို ရင်ဆိုင်ခဲ့ရသည်။ မင်းမဲ့ စရိုက်များနှင့် အတူ လုယက်ဖျက်ဆီးမှု၊ မီးရှို့မှု၊ ညှဉ်းဆဲသတ်ဖြတ်မှု တို့ဖြင့် အထွေထွေသောနိုင်ငံရေး၊ အုပ်ချုပ်ရေး အကျပ်အတည်းများကို ရင်ဆိုင်လာခဲ့ရသည်။ အဆိုးရွားဆုံးသော အကျပ်အတည်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြိုကွဲမှုသို့ ရှေးရှုလာခဲ့သည်။ ပြည်ထောင်စု ပြိုကွဲမည့် အလားအလာများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေအနေများအရ နိုင်ငံတော်တွင် မင်းမဲ့စရိုက်များဖြင့် မှောင်အတိကျလာသကဲ့သို့ ဖြစ်ရသည်။ နိုင်ငံတကာ နယ်ချဲ့သူလျှို များကလည်း လွတ်တော်အမတ်၊ သံတမန်ဟူသော အသွင်တူ ဘဝများခံယူပြီး ဆူပူမှုအရေးအခင်းတွင် ဩဇာခံများကို မွေးမြူလာခဲ့ကြသည်။ ငွေကြေးအရ၊ နိုင်ငံရေးအရ၊ အကြံဉာဏ်များအရ သိမ်းသွင်း ထောက်ပံ့စည်းရုံးလျက် ဩဇာခံ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတာကလယ်နှင့် တိုင်းရင်းသားခေါင်းဆောင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓေယျာသီရိ ဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

များကို လမ်းညွှန်ခဲ့ကြသည်။ ဗကပအုပ်စုနှင့် အနွယ်များက နိုင်ငံရေး၊ စစ်ရေးအရလက်ဦးမှုရယူပြီး နိုင်ငံတော် အာဏာကိုသိမ်းယူရန် စည်းရုံးလှုပ်ရှားလာခဲ့သည်။

ယင်းအခြေအနေအရပ်ရပ်ကြောင့် တပ်မတော်သည် အမျိုးသားရေးတာဝန်အရ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို လွှဲပြောင်း တာဝန်ယူဦးဆောင်ခဲ့ရသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေး လမ်းညွှန်မူဝါဒကို ချမှတ်ခံယူ ကျင့်သုံးပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းမှ စတင်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ငြိမ်းချမ်းရေးရယူခဲ့ရာ ယနေ့ကာလတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း(၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီ ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူ တို့နှင့်အတူ တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့သည် **"တို့သွေး တို့သား တို့အင်အား"** များအဖြစ် အရေးကြီး၍ စည်းလုံးညီညွတ်လာခြင်း ဖြစ်သည်ဟု ဆိုရန်မှတစ်ပါး အခြားမရှိချေပြီ။

ချုပ်၍ဆိုရလျှင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်တည်လာရေးအတွက် ထက်မြက်ရှင်သန်သော နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့နှင့်အတူ ခိုင်ကျည်မြဲမြံသော ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

ဤနေရာတွင် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုများ၏စည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုစိတ်ဓာတ်ကိုသပ်လျှိုဖြိုခွဲတတ်သော၊ ကောက်ကျစ်စဉ်းလဲသော နယ်ချဲ့အပါအဝင် ပြည်တွင်းပြည်ပ အန္တရာယ်များကို အစဉ်မပြတ်သတိချပ်နေကြရန် လိုအပ်ပါကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

ရှေ့တန်းစစ်မျက်နှာ အသီးသီးမှ အောင်ပွဲများရယူခဲ့ကြသည့် တပ်မတော်သားများကို ပြည်သူလူထုက ဤသို့ ဝမ်းပန်းတသာဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ဒေသတစ်ခု၊ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန်မှာ ဒေသအတွင်း အေးချမ်းတည်ငြိမ်ရေး၊ တိုင်းပြည်၏ အေးချမ်းတည်ငြိမ်ရေးသည် လွန်စွာမှ အဓိကကျပေသည်၊ ယနေ့ကာလ မြန်မာနိုင်ငံတွင် အေးချမ်းတည်ငြိမ်မှု ရရှိခဲ့ခြင်းမှာ တိုင်းရင်းသားညီအစ်ကိုတို့၏ စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမြဲမြံခဲ့သောကြောင့် ဖြစ်သည်၊

ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကင်းမြို့နယ် ပညာဝတီရိပ်သာကျောင်းတိုက်အတွင်းရှိ ဣစ္ဆာသယဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် ဖေဖော်ဝါရီ ၄ရက်တွင် ဆွမ်းတော်ကြီး ကပ်လှူမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၅ရက် ညနေ ၄နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၃၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ ပါဝင်လောင်းလှူနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုးမှ ပြည့်အကျိုး

✪ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား တောင်ငူ တပ်နယ်မှ ဗိုလ်မှူးချုပ် သူရမြင့်သိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီနှင့် စစ်ဘက် နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

လယ်ဝေးမြို့သို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့သို့ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအေးလွင်၊ ရမည်းသင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြစိန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် CD Library Room၊ Computer Skills Room၊ Computer Aided Instruction Room၊ Language Lab တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆင့်တိုးမြှင့်ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့ တင်ပြသည့် ပညာရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်မှုများကို မှာကြားပြီး အခြေခံပညာအထက်တန်းကျောင်းခွဲတစ်ကျောင်းကို အထက်တန်းကျောင်း အဖြစ်လည်းကောင်း၊ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်းကို အထက်တန်းကျောင်းခွဲများ အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လယ်ဝေးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ဆရာ ဆရာမများအား တွေ့ဆုံကာ ပညာသင်ကြားရေးအခြေအနေများ မေးမြန်းပြီး ကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီး ဦးကျော်အေးအား ပေးအပ်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ် ဒေါက်တာအေးမာကြည်နှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြပြီး ဆေးရုံအတွင်း ဆေးဝါးကုသမှု လုပ်ငန်းကို လိုက်လံပြသ ရှင်းလင်းကြသည်။

၂၅-ခုတင်ဆံ့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လယ်ဝေးမြို့ ပြည်သူ့ဆေးရုံကို ၁၆-ခုတင်ဆံ့ဆေးရုံမှ ၂၅-ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးပြီး ဆေးရုံတိုးချဲ့ အဆောက်အအုံသစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့သို့ ရောက်ရှိရပ်နားကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ရက် နံနက် ၈နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာဇေယျပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ မဟာစည်သာသနာ့ရိပ်သာ ကန်ဦးကျောင်းတိုက် ဆရာတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယမအမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပျဉ်းမနားဆေးရုံ

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံ ခုတင်-၁၀၀သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာမျိုးသန့်နှင့် အထူးကုဆရာဝန်များ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခွဲစိတ်ခန်း၊ ခွဲစိတ်လူနာဆောင်၊ ကလေးလူနာဆောင်၊သားဖွားခန်းနှင့် ဖျားနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအဆောက်အအုံ ပြုပြင်မွမ်းမံရေး၊ ဆေးရုံပရဝဏ်အတွင်းအပြင် သန့်ရှင်းသာယာရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံခန်းမ၌ ရမည်းသင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်က ခရိုင်အတွင်း ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်ကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၃၀ ရက်က မန္တလေးတိုင်း လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က မိုးစပါး၊ နွေစပါးစိုက်ပျိုးထားမှုနှင့် ထွက်ရှိမှု၊ ပဲအမျိုးမျိုးစိုက်ပျိုးမှု၊ ဆီထွက်သီးနှံ စိုက်ပျိုးမှု၊ စက်မှုကုန်ကြမ်းသီးနှံ၊ ကြံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဟန်ချက်ညီညီ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ဗဟိုအဆင့်မှ အမျိုးသားစီမံကိန်းများ စီမံချမှတ်ပေးလျက်ရှိသကဲ့သို့ ဗဟိုမှတာဝန်ရှိသူများသည် ပြည်နယ်နှင့် တိုင်းဒေသများအားလုံးသို့ အခြေခံအဆင့် ကျေးလက်ဒေသများအထိ လွန်းထိုးသွားရောက်ကာ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အခြေခံအဆင့်ရှိ ကျေးလက်နေပြည်သူများနှင့် ထိတွေ့လေ့လာပြီး တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးအခြေခံများ တိုးတက်ကောင်းမွန်အောင်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားအောင်၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လုံခြုံအောင် ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို ဗဟိုအဆင့်မှ တာဝန်ရှိသူများကိုယ်တိုင် အောက်ခြေအထိ အရောက်သွားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့သော အခြေအနေအချိန်အခါများတွင် ပြည်နယ်နှင့်တိုင်း၊ ခရိုင်နှင့် မြို့နယ်မှဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ၊ ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားစေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများအားလုံး ရည်မှန်းချက်နှင့်အညီ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရန် မိမိတို့တွင် တာဝန်ရှိသည်ဆိုသော သဘောထားခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှာဖြစ်ကြောင်း။

လက်တွေ့ဖြည့်ဆည်း

အဆင့်ဆင့်သော တာဝန်ရှိသူများသည် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင်၊ ပြည်သူများ၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းအောင်၊ ကျေးလက်နေပြည်သူများ စားဝတ်နေရေး ပြည့်စုံချောင်လည်စေပြီး ပညာရေး၊ ကျန်းမာရေး၊ အခြေခံများ တိုးတက်မြင့်မားအောင် အခြေခံဒေသ ကျေးလက်များအထိ သွားရောက်ပြီး ပြည်သူများနှင့် ထိတွေ့ကာ ပြည်သူများ၏ လိုအပ်ချက်၊ ပြည်သူများ၏ လိုလားချက်တို့ကို လက်တွေ့ဖြည့်ဆည်း ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများတွင် တာဝန်အရှိဆုံးဖြစ်ကြောင်း၊ မြို့နယ်အဆင့်တာဝန်ခံများက ပြည်သူနှင့်တစ်သားတည်းရှိပြီး ပြည်သူများ၏လိုအပ်ချက်ကိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါမှ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

မိမိတို့ တာဝန်ကျရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ခံများ အားလုံးက သူ့လုပ်ငန်းကိုယ့်လုပ်ငန်းခွဲခြားမနေဘဲ လုပ်ငန်းကဏ္ဍများအလိုက် ကော်မတီများဖွဲ့စည်းကာ သက်ဆိုင်ရာဌာနက ဦးဆောင်ပြီးကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

စုပေါင်းဆောင်ရွက်

ဤကဲ့သို့ လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများ ဖွဲ့စည်းပြီး စုပေါင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

ဇန်နဝါရီ ၃၁ ရက်က မန္တလေးတိုင်းပျဉ်းမနားမြို့နယ်ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)



➪ **စာမျက်နှာ ၁၀ မှ**

ဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် လုပ်ငန်းကဏ္ဍအလိုက် ရည်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည် ပေါ်လာစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ပေါင်းလောင်းရေလှောင်တမံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းတွင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်ရသည့် ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများကို လုပ်ငန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရေအားလျှပ်စစ် ဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေလွှဲဥမင်လိုဏ်နှင့်ဆက်စပ်အဆောက်အအုံများ၊ ရေယူအဆောက်အအုံ (Power Intake)ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ဥမင်လိုဏ်အသေး၊ အကြီး ၃ရမျိုးပါဝင်သည့် မြေအောက်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်များတပ်ဆင်နေမှုအခြေအနေ၊ ကေဗွီ ၂၃၀ဓာတ်အားလိုင်းနှင့် ပျဉ်းမနားဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မှာကြားရာတွင် ဆည်မြောင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းများအားလုံး စနစ်တကျဖြင့် ပြီးမြောက်ရေး၊ ရေရှည်ခိုင်ခံ့ရေး၊ စံချိန်စံညွှန်း ပြည့်မီရေးတို့အတွက် ကြပ်ကြပ်မတ်မတ်စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်လုပ်ငန်းခွင်အတွင်း သွားရောက်၍ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်စက်ရုံ အဝင် ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း၊ Power House ၌ စက်လေးလုံး တပ်ဆင်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက်၁၁မိုင်အကွာပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်၊ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ၉၁၁ ကီလိုဝပ် နာရီ သန်းပေါင်းကိုလည်း ထုတ်ပေးသွားနိုင်မည့်အပြင် သတ်မှတ်ကာလအတွင်း ပြီးစီးမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိကြပြီး တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြရာ သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင် လှိုင်နှင့်စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီးဥယျာဉ် ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမျိုးသား ကန်တော်ကြီးဥယျာဉ်တို့ရဲ့မြေနေရာ၌ ပြည်နယ်နှင့်တိုင်းအလိုက် Natural Land Marks များ စီစဉ်ဆောင်ရွက်ရန် စီမံဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းလှည့်လည်၍ ကန်တော်ကြီး ရေအပြည့်သိုလှောင်ထားနိုင်မှု၊ အလှပင်များ စိုက်ပျိုးထားမှု၊ ဥယျာဉ်ကြီးထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာနသို့ ရောက်ရှိကြသည်။

ရှေးဦးစွာရှင်းလင်းခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် တာဝန်ရှိသူတို့က မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ပျိုးဖြစ်ထွန်းသော ပြည်နယ်တိုင်းများရှိ ကော်ဖီစိုက်ဧကနှင့် စုစုပေါင်းထွက်ရှိမှုအခြေအနေ၊ ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ် ကော်ဖီဧကတစ်သိန်းတိုးချဲ့စိုက်ပျိုးရေး အစီအစဉ်အရ ပြင်ဦးလွင်မြို့နယ်၌ ကော်ဖီတိုးချဲ့စိုက်ပျိုးရန် မြေ ၅၄၅၇ဧက ဖော်ထုတ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နေရာချထားပေးရာ ၄၈၉၇ ဒသမ ၂၀ဧက စိုက်ပျိုးပြီးစီးနေမှု၊ နောင်ချိုမြို့နယ် ဘန့်ဘွေးကုန်းဒေသရှိ မြေနေရာ ၂၉၁၅ ဒသမ ၃ဧက၌ နေရာချထားပေးပြီး ယခုအခါ ၁၉၇၅ ဒသမ ၄၁ ဧက စိုက်ပျိုးပြီးစီးနေမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်အကြား ကော်ဖီဧကတစ်သိန်း ပြည့်မီအောင် စိုက်ရန် ဆောင်ရွက်နေမှု၊ ရေရရှိရေး ဆောင်ရွက်နေမှု၊ ကော်ဖီပျိုးပင်များ ဖြန့်ဖြူးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပုဂ္ဂလိကကော်ဖီလုပ်ငန်းရှင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကော်ဖီစိုက်ပျိုးခြင်း၊ ကျွမ်းကျင်မှုအကူအညီပေးလျက်ရှိသော FAO ဌာနေကိုယ်စားလှယ် Mr. Tang Zheng-ping အား နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင် ပရဝဏ်အတွင်း ခင်းကျင်းပြသထားသော မှိုအမျိုးမျိုး နမူနာများ၊ မှိုမှထုတ်လုပ်သော ဆေးဝါးများကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သုတေသနခြံရှိ ကော်ဖီပျိုးဥယျာဉ် မက္ကဒေးမီးယားစိုက်ခင်း၊ ကော်ဖီခွံချွတ်စက်နှင့် ကော်ဖီသီးနှံဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆေးသုတေသနဦးစီးဌာန

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်က ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုး၊ ဝမ်းကိုက်၊ ဝမ်းလျှောရောဂါများ၊ တိုင်းရင်းဆေးပင်များဖြင့် သုတေသနပြုဆေးဝါးထုတ်လုပ်ရန် စမ်းသပ်နေမှု၊ ပြည်နယ်တိုင်းများမှ ဆေးဘက်ဝင်ပရဆေးပင် ၄၄၉မျိုး စုဆောင်းထားမှု၊ သုတေသနလုပ်ငန်းများအတွက် ပညာရှင်များ စုဆောင်းမှုလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သုတေသနပြုမှုနှင့် ပရဆေးဥယျာဉ် စနစ်တကျ ထူထောင်ရေးအတွက်လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ပရဆေးဥယျာဉ်အတွင်း ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၃၀ရက် ညပိုင်းတွင် ပျဉ်းမနားမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ရုံးခန်းမ၌ ရမည်းသင်းခရိုင် ဦးစီးမှူး၊ ခရိုင်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ပျော်ဘွယ်မြို့နယ်များမှ ဦးစီးမှူးများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရမည်းသင်းခရိုင် ဦးစီးမှူး ဦးမောင်ကိုနှင့် မြို့နယ်ဦးစီးမှူးများက ခရိုင်နှင့် မြို့နယ်ရုံးများက လုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပျဉ်းမနားမြို့ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးက ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ မြို့နယ်သုံးမြို့နယ်သို့ ရုပ်သံအစီအစဉ် ထုတ်လွှင့်ပေးနေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများအနေဖြင့် ပြည်သူကို အသိပညာပေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လုပ်ငန်းများ သွက်လက်ထက်မြက်ရေး၊ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၃၁ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာန၌ ကော်ဖီပျိုးဥယျာဉ်၊ ကော်ဖီပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ပြီးစီးက လယ်မြေဧက ၃၅၀၀၀ စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ် ၉၁၁ကီလိုဝပ်နာရီ သန်းပေါင်း ထုတ်ပေးမည်

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ရေအားလျှပ်စစ် စက်ရုံကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဇန်နဝါရီ ၃၀ ရက်က မန္တလေးတိုင်း ပျဉ်းမနားမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ ရမည်းသင်းခရိုင်နှင့် မြို့နယ်များမှ ဦးစီးမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

ယာဉ်မောင်းနှင့် စက်ပြင်သင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

နယူးအာရှ သင်တန်းကျောင်း၌ အခြေခံယာဉ်မောင်းနှင့် စက်ပြုပြင်ထိန်းသိမ်းခြင်းအတွက် တစ်လပုံမှန်သင်တန်းနှင့် ၁၀ ရက်အမြန် သင်တန်း စက်ပြင်အထူးသင်တန်း သီးသန့်နှစ်လသင်တန်း၊ အဲယားကွန်းနှင့် ရေခဲသေတ္တာပြုပြင်ခြင်း တစ်လသင်တန်း၊ လျှပ်စစ်ဂဟေဆက်ခြင်း တစ်လသင်တန်းများကို ဖေဖော်ဝါရီ ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ် (၉၅၃) ရွှေနှင်းဆီလမ်း ရှစ်မိုင်ခွဲ(မဟာစည်မှတ်တိုင်) မရမ်းကုန်းမြို့နယ် ရန်ကုန် ဖုန်း- ၆၆၁၈၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)



ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်ကန်တော်ကြီး ဥယျာဉ်အတွင်း ခေတ်မီငါးဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ နိုင်ငံတော်မှ ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ သင်ကြား၊ စီမံကိန်းစီမံကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝါဝါဝင်း ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးရွှေဆောက်နေမှုနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အဝင်မုခ်ဦး တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကွန်ပျူတာတက္ကသိုလ်

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဌာနဒေါက်တာဇော်ထွန်းက ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် တည်ဆောက်ရေးစီမံကိန်း ပထမအဆင့် ၉၈ရာခိုင်နှုန်း၊ ဒုတိယအဆင့် ၈၅ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု၊ ရေရရှိမှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် အဝင်လမ်းမကြီးနှင့် တက္ကသိုလ်နယ်မြေ ပတ်လမ်းတို့အား ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှု၊ စိမ်းလန်းစိုပြည်ရေးနှင့် ဆက်သွယ်ရေး ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက မွေးမြူရေး ဖြစ်ထွန်းရန် မျိုး၊ အစာအစာ၊ နည်းပညာ စသည်တို့ကို ပံ့ပိုးကူညီပေးရန်၊ မွေးမြူသူများအား အစာအစာများ ချိုသာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရန် လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်မီသော ငါးစာတောင့်များ ထုတ်လုပ်၍ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရန်၊ ခေတ်မီငါးစာတောင့်ထုတ်လုပ်မှုနည်းပညာ ရရှိနိုင်စေရန်နှင့် ငါးစာတောင့်အပြင် တိရစ္ဆာန်အစာများကိုပါ တိုးတက်ထုတ်လုပ်သွားရန် အစာစပ်စက်ရုံ တည်ဆောက်ခဲ့မှု၊ စက်ရုံတည်နေရာနှင့် အကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှု၊ စက်ရုံအဆောက်အအုံ၊ စက်ကိရိယာများ တပ်ဆင်ထားမှုနှင့် ထုတ်လုပ်နိုင်မှုစွမ်းအားတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး စက်ရုံကုန်ကြမ်းများ၊ စက်ရုံထွက် ငါးစာမှုန့်နှင့် ငါးစာတောင့်တို့ကိုလည်းကောင်း၊ စက်စမ်းသပ် လည်ပတ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရည်ရွယ်တည်ဆောက်

အဆိုပါ လျှော်ကားအစာစပ် စက်ရုံမှာ တစ်နာရီ အစာ ၁၀တန်ကျ (တစ်ရက်တန် ၁၀၀) ထုတ်လုပ်နိုင်စွမ်းရှိမည့် တိရစ္ဆာန်အစာအစာနှင့် ငါးစာများကို ထုတ်လုပ်ကာ မွေးမြူသူများသို့ ဖြန့်ဖြူးရောင်းချသွားရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်သည်။

ကန်တော်ကြီးဥယျာဉ်

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် Central Symbol Zone ရှိ Water Plaza တည်ဆောက်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်အတွင်း Relaxation Zone၊ Education Zone နှင့် Central Symbol Zone များ အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှု ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်နှင့် ဒီဇိုင်းပညာရှင် Mr. John Inada တို့က မိမိတို့သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့ကို သက်ဆိုင်ရာ ဒီဇိုင်းပုံစံများဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းများ သတ်မှတ်ဒီဇိုင်းများနှင့်အညီ အချိန်မီပြီးစီးရေးနှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် Education Zone အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ခေတ်မီငါးဥယျာဉ် တည်ဆောက်နေမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် အသိပညာပေးပြကွက် ကိုးကွက်အနက် ပန်းမန်ပြကွက်တွင် မြန်မာ့ရှားပါး ပရဆေးပြကွက် တည်ဆောက်ထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ကန်တော်ကြီးဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများတွင် စာသင်အဆောက်အအုံများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

လှိုင်က ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ တည်ဆောက်ပြီး စာသင်ဆောင်များ၊ အဝင်မုခ်ဦးနှင့် စာသင်ခန်းမ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်မည့် အခြေအနေများ၊ တက္ကသိုလ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ Computer Training Centre၊ Theatre တည်ဆောက်ပြီးစီးမှု၊ စာသင်ခန်း ၁၀ခန်းစီပါ နှစ်ထပ်စာသင်ဆောင်နှစ်ဆောင် တည်ဆောက်ပြီးစီးမှု၊ ကွန်ပျူတာအခန်းများနှင့်တည်ဆောက်ဆဲ သုံးထပ်စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမကြီး အရှေ့ဘက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးအစာအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ လျှော်ကားအစာစပ်စက်ရုံသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းခန်းမ၌ မွေးမြူရေးနှင့် ရေလုပ်ငန်း

ဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ဆရာမများက ကြိုဆိုကြသည်။

သင်ကြား၊ စီမံ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းခန်းမ၌ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်က ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ သင်ကြား၊ စီမံကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေကျားပျံ ဆောက်လုပ်ရေးအဖွဲ့ မန်နေဂျင်းဒါရိုက်တာများကိုမှာကြားပြီး ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပုံစံငယ်၊ တည်ဆောက်ပြီး စာသင်ခန်းမ၊ စာသင်ဆောင်များ၊

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ်(ပထဝီဝင်)
  - (ခ) တတိယနှစ်(ဘောဂဗေဒ)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၅ ၁၇။ မြန်မာ့လက်သီး
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တစ်ရေးချစ်ခွင့်" (အပိုင်း-၃)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (အပိုင်း-၂၄)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုင်ငံတော်သံစုံတီးဝိုင်း သရုပ်ပြတီးခတ်မှု ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်သံစုံတီးဝိုင်း (National Symphony Orchestra) သရုပ်ပြတီးခတ်မှု အစီအစဉ်များကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နံနက် ၉ နာရီခွဲတွင် အမျိုးသားဇာတ်ရုံသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတော်သံစုံတီးဝိုင်းကော်မတီဝင်များ၊ ဂီတပညာရှင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမျိုးသားဇာတ်ရုံ ဧည့်ခန်းမဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်သံစုံတီးဝိုင်း စုဖွဲ့ရန် လမ်းညွှန်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော် သံစုံတီးဝိုင်းစုဖွဲ့ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက နိုင်ငံတော်သံစုံတီးဝိုင်းတွင် အသုံးပြုသော တူရိယာပစ္စည်းများ ဖြည့်တင်းထားမှု၊ တီးဝိုင်းဦးဆောင်သူ (Conductor) ပညာရှင်ငှားရမ်းလေ့ကျင့်မှုနှင့် နိုင်ငံတော်သံစုံတီးဝိုင်း လေ့ကျင့်တီးခတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

သရုပ်ပြတီးခတ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားဇာတ်ရုံ၌ နိုင်ငံတော်သံစုံတီးဝိုင်း သရုပ်ပြတီးခတ်တင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုအားပေးရာ နိုင်ငံတော်သံစုံတီးဝိုင်း၏ Conductor & Music Director Mr. Mitch Markowitz နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Conductor ဗိုလ်ကြီးသက်တင်အောင်နှင့် ဦးတင်သိန်းတို့ဦးစီးသော နိုင်ငံတော်သံစုံတီးဝိုင်း ဂီတပညာရှင်များက အာဆီယံနိုင်ငံများ၏ အမျိုးသားသီချင်း သရုပ်ပြ တီးခတ်တင်ဆက်မှု အစီအစဉ်များကိုလည်းကောင်း၊ Conductor Mr. Mitch Markowitz ဦးဆောင်၍ နိုင်ငံတော်သံစုံတီးဝိုင်း ဂီတပညာရှင်များက ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားသီချင်းကို New Orchestral Arrangement ဖြင့် သရုပ်ပြ တီးခတ် တင်ဆက်မှုအစီအစဉ်၊ ကမ္ဘာကျော် Conductor ရိုဟမ်ဘတ်၏ Brandeburg Concert No.2 ကို Mr. Mitch Markowitz က Conductor အဖြစ်နှင့် Voilin Solo ကိုတီးခတ်လျက် သရုပ်ပြ တီးခတ်တင်ဆက်မှုအစီအစဉ်၊ Suhubert ၏ Symphony 8 in D တေးသွား သရုပ်ပြတီးခတ်တင်ဆက်မှု အစီအစဉ်နှင့် Mozart ၏ Symphony No.41 ကို သရုပ်ပြတီးခတ်တင်ဆက်မှု အစီအစဉ်များကို လည်းကောင်း သရုပ်ပြ တီးခတ် တင်ဆက်ကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်သံစုံတီးဝိုင်း၏ Conductor & Music Director Mr. Markowitz နှင့် ဂီတပညာရှင်များနှင့် နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ဂီတ ပညာရှင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး နံနက် ၁၁နာရီတွင် အမျိုးသားဇာတ်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်သံစုံတီးဝိုင်း (National Symphony Orchestra) သရုပ်ပြတီးခတ်မှုအစီအစဉ်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

➪ ၂၀၀၃ ခုနှစ်မှ

ကျမ်းစာပေဆုတွင် နီငြိမ်း(အညာတက္ကသိုလ်) ရေးသားသည့် "မန်လည်စာဆိုတော်" စာမူက ပထမ၊ ထန်လိုင်ရေးသားသည့် "မြန်မာ့ရိုးရာ သဘာဝ အမိုးများ" စာမူက ဒုတိယ၊ သျှင်ထွေးယဉ်(မနုဿ) ရေးသားသည့် "ကယန်း" စာမူက တတိယ ရရှိကြသည်။

သုတေသနစာပေဆုတွင် မင်းသျှင်အောင်(တွံတေး) ရေးသားသည့် "မဟာဗုဒ္ဓဝင် ကွက်စိပ်ဇာတ်ထုပ်များနှင့် ဒဂုဏ်ဆရာညွန့်" စာမူက ပထမ၊ ဦးဆောင်း(သစ်တော) ရေးသားသည့် "ရွှေ့ပြောင်းတောင်ယာ" စာမူက ဒုတိယ၊ ရွှေနဂါးတင်ဝင်း ရေးသားသည့် "ထာဝရတည်မြဲသောစွမ်းအင်" စာမူက တတိယဆုများ အသီးသီးရရှိကြသည်။

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၃ခုနှစ် "တစ်သက်တာ စာပေဆု"အတွက် စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း) အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ ပညာသင်ဆုနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ထပ်မံကြေညာမည်။ ၂၀၀၃ ခုနှစ်အတွက် စာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့)တွင် ပခုက္ကူမြို့၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၅၆၀၊ ၂၄၀၀၄၈ နှင့် ၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

ဗီစီဒီစက် ပုံစံသစ်များ ဖြန့်ချိရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၁

အရည်အသွေး မြင့်မားသော အီလက်ထရွန်နစ် ပစ္စည်းများကို ဖြန့်ချိသည့် First Asia Co., Ltd မှ Asahi အမှတ်တံဆိပ်ဖြင့် ဗီစီဒီစက် ပုံစံအသစ်များကို ဖြန့်ချိလျက်ရှိသည်။ စက်များမှာ ဒီဇိုင်းလှပသေသပ်ပြီး အဆင့်မြင့် ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသည်။

ဗီစီဒီစက်များကို နှစ်နှစ်အာမခံပေးထားပြီး ဝန်ဆောင်မှုအဖြစ် ပထမခြောက်လအတွင်း စက်ချွတ်ယွင်းမှုဖြစ်ပေါ်၍ စက်ပစ္စည်း အစိတ်အပိုင်း အသစ်လဲလှယ်ပေးရန် လိုအပ်ပါက Service Centre သို့ ပစ္စည်းတန်ဖိုးအတွက် ငွေထပ်ပေးရန်မလိုဘဲ အခမဲ့၊ လက်ခမဲ့ ချက်ချင်းလဲလှယ်ပေးမည်ဖြစ်ပြီး ကျန်တစ်နှစ်ခွဲတွင် လက်ခမဲ့ ချက်ချင်းပြုပြင်ပေးမည်ဟု သိရသည်။

First Asia Co., Ltd. မှ CROWN အမှတ်တံဆိပ်ဖြင့် VCD, DVD, Mic Mixer Amplifier များကိုလည်း မြန်မာပြည်အနှံ့ ဖြန့်ချိလျက်ရှိသည်။

ဆက်သွယ်နိုင်

စုံစမ်းလိုပါက First Asia Co., Ltd. တိုက်အမှတ် (၃၂) အောင်သပြေလမ်း (ယုဇနပလာဇာအနောက်ဘက်) သာယာကုန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၀၁-၂၉၈၇၃၂၊ ၀၁-၂၀၀၇၄၇၊ Ext: ၇၄၆၈ နှင့် မန္တလေးမြို့ ဖြန့်ချိရေးရုံးခွဲ အမှတ် (၁၇၅) (၃၁)လမ်း (၈၀-၈၁) လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း- ၀၂-၃၂၈၉၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အမှတ် (၂၂၀/၂၂၂) ဗိုလ်တထောင်ဘုရားလမ်းရှိ SILTA မှ မူကြိုကလေးငယ်များ၏ စွမ်းရည်ပြပွဲကို ဇန်နဝါရီ ၂၈ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကလေးငယ်များ စုပေါင်းပါဝင်ဆင်နွှဲကြစဉ်။ (က-ပ)

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၃၆) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေလျက်ရှိသော နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၃၆)ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

"မီဒီယာခေတ်မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် တင်ဆက်လျက်ရှိသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်ဂျာနယ်တွင် သမ္မတဟူကျင်တောင်၏ ပြင်သစ် ချစ်ကြည်ရေးခရီးစဉ်၊ စစ်ကာလ ပြည်သူ့ကာကွယ်ရေးလုပ်ငန်း၊ လိုင်ဘေးရီးယားနိုင်ငံ၊ တစ်ပတ်အတွင်း သတင်းမှတ်စုဆင်များပါဝင်ကစားသည့် ဘောလုံးပွဲ၊ ကမ္ဘာ့ဘာသာစကားများ၊ အိန္ဒိယခရီးသွားလုပ်ငန်း၊ ကုလသမဂ္ဂဌာနချုပ်တွင် ဇာတ်လမ်းရုပ်ရှင်ရိုက်မည်၊ နိုင်ငံတကာဟာသ၊ ဆုဒန်ငြိမ်းချမ်းရေး၊ မူရာရက်ဖ်၊ ခါတာမီအင်တာဗျူးများ၊ ကြက်ငှက်တုပ်ကွေး၊ နီပေါနိုင်ငံရေး၊အမေရိကန်အစိုးရဘတ်ဂျက်လိုငွေပြ စသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။

(အပေါ်ပုံ) (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာ့ပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၂၅ ၈။ လမူးတံတား
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice In Reading.
၄း၄၀ ၄။ တေးဂီတအစီအစဉ်
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အထူးပြုအားလုံး) (မြန်မာစာ)
၅း၀၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၅း၁၅ ၇။ အကပဒေသာ
၅း၃၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၄၅ ၉။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၅း၅၅ ၁၀။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၅ ၁၁။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကဗျာပြိုင်ပွဲအကြောင်း သိကောင်းစရာ(အပိုင်း-၁)
၆း၁၅ ၁၂။ Discovery.
၆း၃၀ ၁၃။ ညနေခင်းသတင်း
၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၅။ Milo Success In Soccer.
၇း၁၀ ၁၆။ ရုပ်မြင်သံကြား၊ ဗီဒီယိုဥပဒေနှင့်ညီညွတ်မှုမရှိသောဗီဒီယိုတိပ်ခွေများ၊ဗီဒီယိုလေဆာဓာတ်ပြားများ ဖျက်ဆီးမှုအခမ်းအနား
၇း၁၅ ၁၇။ တေးဂီတအစီအစဉ်
၇း၂၅ ၁၈။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၇း၃၅ ၁၉။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ "ဖွံ့ဖြိုးမှုဝေမနောမြေ" (အပိုင်း-၂)
၈း၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ တုံ့မယူလို (အပိုင်း-၂၁)**
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုကျောင်း (၈)မိုင် မရမ်းကုန်း(ရန်ကုန်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

(ယခင်)ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲ အာစရိယပူဇော်ပွဲကို ၂၀၀၄ခုနှစ် ပြည်ထောင်စုနေ့ ၁၂-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၁နာရီ အချိန်တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊(၁၀၆)လမ်း၊ အမှတ်(၂၄/ဒီ)၊ဆရာကြီး ဦးတိုးအောင်၏ နေအိမ်၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်ကြွရောက်ပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ရေးအတွက်-

ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း-၅၅၈၆၇၅၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း-၆၄၂၁၅၅၊ ဦးအေးဖေ ဖုန်း-၂၈၁၃၄၇၊ ဦးထွန်းမြင့် ဖုန်း-၂၄၄၃၂၇၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁နှင့် ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၀၊ ၂၄၁၇၂၀တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အောင်ဘာလေ သိန်းဆုကြီးများဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၁၈၁)ကြိမ်မြောက် ကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

သ-၅၂၃၇၇၇

ကျပ်သိန်း ၅၀ ဆုများ

ဗ-၇၂၆၇၁၂
ကက-၆၄၇၂၈၃
ယ-၁၈၄၁၇၃
ည-၈၃၈၇၄၂
ပ-၉၆၁၇၃၁
ဠ-၈၆၄၁၅၉
ဖ-၆၄၃၉၄၄
က-၉၆၀၄၇၃
ဆ-၂၇၅၃၁၁
တ-၇၉၂၇၆၅

ကျပ် ၂၅ သိန်းဆုများ

ခ-၅၉၅၆၉၀
ဃ-၁၂၀၀၉၉
တ-၃၄၉၆၈၉
ဏ-၁၂၆၂၉၁
တ-၇၁၆၃၀၀
ဝ-၄၆၄၀၄၁
ရ-၇၈၁၃၄၉
င-၁၆၃၄၉၀
ပ-၉၄၃၃၀၄
ဂ-၅၂၂၆၃၁
ကခ-၂၅၈၇၅၂
ဓ-၅၀၁၄၆၂

ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)

ဓ-၉၃၃၇၄၅
င-၂၃၇၅၄၄
ဝ-၈၆၇၃၃၄
ဠ-၅၄၃၃၁၁
အ-၅၂၃၀၇၆
ဘ-၆၀၇၅၀၅
အ-၇၁၇၀၆၄
ည-၇၀၄၅၉၀
ည-၅၂၃၃၂၇
တ-၇၉၃၄၉၅
ဍ-၈၈၃၉၉၈
ဓ-၈၇၄၉၉၉
ဈ-၆၀၂၁၄၆
စ-၃၉၉၇၂၈
ဠ-၆၂၃၂၇၀
ပ-၉၄၇၂၇၆
ဈ-၅၇၄၉၇၉
ကဂ-၃၆၉၁၇၆
ဏ-၄၆၂၃၆၁

ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုမှတ်နည်းများ ပြန့်ပွားရေးအဖွဲ့ချုပ်က ယောဂီဟောင်းများအတွက် အထူးတရားစခန်းကို ဖေဖော်ဝါရီ ၅ရက် ညနေ ၅နာရီမှစတင်၍ သန်လျင်မြို့ နာရီစင်အနီး ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာတရားစခန်းတွင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် မင်္ဂလာဗျူဟာအသင်းချုပ်သို့ ညနေ ၃နာရီထက်နောက်မကျစေဘဲ လာရောက်ကြရန်နှင့် ဖုန်း-၀၅၆-၂၁၄၃၂သို့ စုံစမ်းနိုင်သည်ဟုသိရသည်။ (က-ပ)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

၃၁-၁-၂၀၀၄ ရက် ညနေ ၃ နာရီမှ ၅ နာရီထိ မဟာသန္တိသုခကျောင်းတော်တွင် ကျင်းပခဲ့သော **မောင်ရဲမင်းထိုက်နှင့် မယဉ်မင်းပိုက်**တို့၏ လက်ထပ်မင်္ဂလာညှော်ခံပွဲတွင် မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စုလျားရစ်ပတ် လက်ထပ်ပေးသော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အကြံပေးပုဂ္ဂိုလ် ဦးတင်ခနှင့် ဒေါ်မြင့်မြင့်၊ မင်္ဂလာဘိသေက အကျိုးဆောင် ဦးသိန်းလှမော်၊ အခါတော်တေးဖြင့် ပွဲထုတ်ပေးသော နိုင်ငံကျော်တေးသံရှင် တင်တင်မြ၊ ကန်တော့ခန်းချီးမြှင့်သော တေးသံရှင် ထား၊ မင်္ဂလာရတု သီကျူးပေးသော ရီရီသန့်၊ ရွှေမိုးငွေမိုး ရှာသွန်းဖြိုးပေးသော တေးသံရှင် ခင်စိုးဝင်း၊ သတို့သားအရံ ချမ်းငြိမ်းခိုင်၊ သတို့သမီးအရံ တေးသံရှင် စိမ်းလဲ့လဲ့၊ မင်္ဂလာပန်းကြဲပေးသော တေးသံရှင် မေဘရဏီခိုင်၊ အောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော တေးသံရှင် ရွှေယမင်းဦး၊ အေဝမ်းစိုးမြင့် တူရိယာအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာဝတ်စုံ ဘားလမ်းကိုကိုကြီးနှင့် သမီး ဝင်းစန္ဒာကြီး၊ မိတ်ကပ် မုဏ်းကို၊ ပန်းအလှ မစန်းစန်းဦး၊ Video စိုင်းဘုန်းထူး၊ ဓာတ်ပုံပြည့်စုံ(ထီးထီး)၊ မင်္ဂလာလက်ထပ်ပွဲသို့ မအားလပ်သည့်ကြားမှ ကြွရောက်ချီးမြှင့်ပါသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ရုပ်ရှင်၊ ဂီတ ပညာရှင်များနှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများကို လှိုက်လှဲစွာ ကျေးဇူး ဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမင်းထိုက်-မယဉ်မင်းပိုက်။

ရန်ကုန် ကုန်စည်ပြပွဲ-၂၀၀၄ကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ဖေဖော်ဝါရီ ၁ရက်က တတိယနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ Great Summit Int'l Co., Ltd ကိုရီးယား လာမီနိတ် အဆင့်မြင့် ကြမ်းခင်းပြားများပြခန်းကိုတွေ့ရစဉ်။ (သတင်းစဉ်)

EXECUTIVE မဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလထုတ် စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း (EXECUTIVE) ကို Today စာအုပ်တိုက်၊ အမှတ်(စီ-၂)၊ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်က ယနေ့ ထုတ်ဝေ ဖြန့်ချိလိုက်သည်။ **(အောက်ပုံ)** (က-ပ)



နိုင်ငံခြားဘာသာစကားသင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

Aung Language Centre ၌ ဝါရင့်ဆရာများ၏ စေတနာဖြင့် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ မလေးရှားနှင့် ကိုရီးယားအခြေခံ အရေး၊ အဖတ်၊ အပြောသင်တန်းများကို တတ်ကျွမ်းအောင် ဖေဖော်ဝါရီ၇ရက်တွင်ဖွင့်လှစ်မည်ဖြစ်ရာ ဘာသာရပ်အားလုံးကို စနေ၊ တနင်္ဂနွေနေ့များတွင်သာ သင်ကြားပေးမည်။ အရှေ့ရန်ကင်း၊ တိုက်(၂၈၂)၊ အခန်း(၁)၊ ရန်ကင်းကြားမှတ်တိုင်အနီး(ရန်ကင်းသဲကွင်းအနီး)၊ မင်းထိုက်စာပေ ဖုန်း-၅၅၅၉၉၂သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)







နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ပန်းတောင်းမြို့၌ တည်ဆောက်လျက်ရှိသည့် တောင်ရေရေလှောင်တမံစီမံကိန်းနှင့် ရန်ကုန်–မန္တလေးပြည်ထောင်စုလမ်းမကြီးရှိ လမ်းနှင့်တံတားများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်း မိတ္ထီလာမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီတွင် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်ကဲ ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော တောင်ရေ ရေလှောင်တမံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တောင်ရေ ရေလှောင်တမံ၏ ရေလွှဲဥမင်တည်ဆောက်ရေး လုပ်ငန်းဖြစ်သည့် မိတ္ထီလာ–ကျောက်ပန်းတောင်း ကားလမ်း မိုင်တိုင်အမှတ်(၄၃/၄)အနီး၌ ကားလမ်းအောက်မှ ရေလွှဲဥမင် ဖောက်လုပ်ထားသော ဥမင်အဝင်၊ အထွက်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေလွှဲဥမင်မှ ပင်မတူးမြောင်းအတိုင်း ကြက်မောက်တောင်ဆည်သို့ ရေလွှဲပေးပို့မည့် ကျောက်ပုံချောင်း ရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ပင်မတူးမြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးရာ ရှုရပ်သို့ရောက်ရှိပြီး ပင်မတူးမြောင်း ဖောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပင်မတူးမြောင်း ဖောက်လုပ်ရေးလုပ်ငန်း၏ ကျောက်သားနှင့် မြေကြီးရှင်းလင်းမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ပင်မတူးမြောင်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် တူးမြောင်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တောင်ရေရေလှောင်တမံ လုပ်ငန်းခွင်သို့ရောက်ရှိပြီး တမံပိတ်ရန်အတွက် စက်ယန္တရားကြီးများဖြင့် မြေဖို့လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရေလှောင်တမံ စီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေ၊ တမံလုပ်ငန်း၊ ဆက်သွယ်တူးမြောင်း လုပ်ငန်း၊ ရေလွှဲဥမင် လုပ်ငန်း၊ စက်ယန္တရား၊ ယာဉ်ရရှိ အသုံးပြုမှု၊ တည်ဆောက်ရေးပစ္စည်းများ လိုအပ်ချက်နှင့် ရရှိမှု၊ တမံတည်ဆောက်ပြီးစီးမည့် ကာလတို့ကိုလည်းကောင်း၊ တောင်ရေ ရေလှောင်တမံကို ရေကူပေးမည့် ကျောက်တံခါး ရေလှောင်တမံ၏ တမံမြေဖို့လုပ်ငန်း စတင်မှု၊ ရေပိုလွှဲလုပ်ငန်း ၃၀ ရာခိုင်နှုန်းပြီးစီးမှု၊ ရေထုတ်ပြွန်လုပ်ငန်း ရာနှုန်းပြည့် ပြီးစီးမှုနှင့် အကူရေထုတ်ပြွန် လုပ်ငန်း ၉၅ ရာခိုင်နှုန်း ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က ရှင်းလင်းတင်ပြချက်များ အပေါ် လိုအပ်သည်များကို မှာကြားသည်။

တောင်ရေ ရေလှောင်တမံစီမံကိန်း ရေလွှဲဥမင်ဖောက်လုပ်ခြင်း လုပ်ငန်း ပြီးစီးသွားပြီဖြစ်ပြီး တမံတည်ဆောက်ခြင်းလုပ်ငန်း ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ကျောက်ပန်းတောင်း–မိတ္ထီလာနယ်စပ် ဇရပ်ကုန်း ကျေးရွာအနီးရှိ ရိုးမအနောက် (ခရိုင်ချင်းဆက်) လမ်းဖောက်လုပ်ခြင်း လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ မန္တလေးတိုင်း စည်ပင်သာယာရေး ဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက ကျောက်ပန်းတောင်းမြို့နယ် ဇရပ်ကုန်းကျေးရွာမှ တံတားဦးမြို့နယ် စကားအင်းကျေးရွာအထိ အရှည်မိုင် ၈၀၊ ၄ ဖာလုံရှိ ရိုးမအနောက် (ခရိုင်ချင်းဆက်) လမ်း ဖောက်လုပ်နေမှုတွင် ပေ ၃၀ အကျယ် မြေသားလမ်း ၃၂ မိုင်၊ ကျောက်ခင်းလမ်း ၂၉ မိုင်၊ ၆ ဖာလုံ၊ ကတ္တရာလမ်း တစ်မိုင်နှင့် တစ်ကြောင်းထိုး မြေသားလမ်း ၁၇ မိုင်၊ ၆ ဖာလုံတို့ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူး ဦးကံလှနှင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က မန္တလေးတိုင်းအတွင်းရှိ ရိုးမအနောက် (ခရိုင်ချင်းဆက်) လမ်းသည် မြို့နယ်ခြောက်မြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်ခြင်းဖြစ်၍ မိမိတို့မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်သည့် လမ်းပိုင်းများကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက နှစ်စဉ် ရည်မှန်းချက်ထား၍ ကျောက်လမ်းအဖြစ် ဆောင်ရွက်ကြမှသာ နှစ်တိုအတွင်း ရာသီမရွေး သွားလာနိုင်သည့် လမ်းဖြစ်မည်ဖြစ်ရာ လုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အဖွဲ့သည် ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၁၀ နာရီတွင် ယုဇနဟိုင်းဝေးကုမ္ပဏီ လီမိတက်က တာဝန်ယူဖောက်လုပ်နေသော မိုင်တိုင် ၂၉၀ မှ ၃၃၈ အထိ မိတ္ထီလာ–ရမည်းသင်းလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးရာ မိတ္ထီလာမြို့မှအထွက် မိုင်တိုင်အမှတ် ၃၃၀ ရှိ ဒွေးလမ်းဆုံရာ နေရာကို ရှေးဦးစွာ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် ၃၂၉ ရှိ ကုန်းသာတံတား တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပျော်ဘွယ်မြို့နယ် ညောင်းနွယ်ကျေးရွာအနီးရှိ ယုဇနဟိုင်းဝေးကုမ္ပဏီလီမိတက်၏ ရှင်းလင်းခန်းမသို့ ရောက်ရှိကြရာ ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဦးအောင်ဝမ်းက ရမည်းသင်း–ပျော်ဘွယ်–မိတ္ထီလာလမ်းပိုင်း မိုင်တိုင် ၂၉၀ မှ ၃၃၈ အထိ ဒွေးလမ်းဖောက်လုပ်မှု၊ လမ်းအကျယ် တိုးချဲ့ မြေသားလုပ်ငန်းမိုင် ၄၀၊ ၆ ဖာလုံ၊ ကျောက်ခင်းလမ်းလုပ်ငန်းမိုင် ၄၀၊ ၆ ဖာလုံ၊ ကတ္တရာလမ်းခင်းလုပ်ငန်း ၃၈ မိုင်၊ ၆ ဖာလုံတို့ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လမ်းပိုင်းပေါ်ရှိ တံတားတည်ဆောက်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ကန်သာကျေးရွာရှိ တောင်သူဦးမျိုးဝင်း၏ အောင်မြင်ဖြစ်ထွန်းနေသော ဝါစိုက်ခင်းနှင့် ကောက်သိမ်းပြီး ဝါနမူနာများကို ကြည့်ရှုစစ်ဆေးကြရာ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ရမည်းသင်းခရိုင်မန်နေဂျာ ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မိုင်တိုင် ၂၇၂ အဆုံး ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဗိုလ်ကြီးရဲထွန်းအောင်က တံတားတည်ဆောက်မှု လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် တပ်ကုန်းမြို့နယ် ဇောဓိမြိုင်ကျေးရွာရှိ အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်၏ ဇောဓိမြိုင်စခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းမန်နေဂျာ ဦးဘိုကျော်က မူလလမ်းဟောင်းကို နှစ်လမ်းသွား ကတ္တရာခင်း ပြီးစီးမှု၊ လမ်းကို စဉ်ဆက်မပြတ်ပြုပြင်နေမှု၊ တံတားများ တည်ဆောက်မှု၊ ဒွေးလမ်းဖောက်လုပ်ရန် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ စက်ယန္တရား အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ်ရှိ ကျောက်ချက် ကျေးရွာနှင့် တံတားဦးကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်နေသော ဆင်သေချောင်းတံတားသို့ ရောက်ရှိကြရာ တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့မှ တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဗိုလ်မှူးဌေးဝင်းက တံတားတည်ဆောက်မှုလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် တံတား ပိုင်တိုင်သံချည် သံကွေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ငါးလိုက်ချောင်း တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ခံအင်ဂျင်နီယာ ဗိုလ်မှူးဌေးဝင်းက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ တံတားချဉ်းကပ်လမ်း ဖောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် ရေလှောင်တမံစီမံကိန်းများစစ်ဆေး လက်တွန်းထွန်စက်နှင့် စပါးရိတ်စက်ထုတ်လုပ်မှု ကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်သည် ဇန်နဝါရီ ၂၆ ရက်တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရိုးကျေးရွာ အနီး၌ တည်ဆောက်လျက်ရှိသော သဲဖြူရေလှောင်တမံ စီမံကိန်းလုပ်ငန်း၊ ရေပိုလွှဲအုတ်မြစ် မြေကြီးတူးလုပ်ငန်း၊ ကွန်ကရစ်လောင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

စီမံကိန်း ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူးက ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းများကို လည်းကောင်း၊ သဲဖြူရေလှောင်တမံ ရေသောက်ဧကများသည် ကြို့ကုန်းကန်ရေသောက် ဧက ၂၄၁၃ နှင့် ရေနီကျောက်အိုး ရေလွှဲဆည် ရေသောက်ဧက ၁၃၄၇ တို့ တစ်ဆက် တစ်စပ်တည်ရှိမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ချောင်းခွကျေးရွာ အနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ မဒန်း ရေလှောင်တမံ အသစ်တစ်ခု တည်ဆောက်ရန်အတွက် ပင်မတမံ အူကြောင်းနေရာ သုံးနေရာ ရွေးချယ်ထားသည့် စူးစမ်းချက်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပင်မတမံ တည်ဆောက်နိုင်မည့် လျာထားနေရာ သုံးနေရာ၏ အနေအထားတို့ကို ရှင်းလင်းပြသသည်။

စီမံကိန်းရှင်းလင်းဆောင်တွင် တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူးက မဒန်းချောင်းနှင့် ကျောက်မဆင်ချောင်းတို့၏ ရေစီးရေလာ၊ သိုလှောင်ရရှိနိုင်မည့် ရေပမာဏ၊ သီးနှံစိုက်ပျိုးရေးအတွက် ရေပေးနိုင်မှု၊ မိုးရာသီ ရေလွှမ်းမှုမှ ကာကွယ်နိုင်မှုတို့ကို မြေပုံနှင့်ပြသ ရှင်းလင်းသည်။

ထို့နောက် ဝန်ကြီးသည် မဒန်းချောင်း အနေအထားနှင့် သီးနှံစိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဒေသခံအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများနှင့် ဆွေးနွေးပြီး တည်ဆောက်ရေးအဖွဲ့၏ စူးစမ်းလေ့လာချက်များ၊ ရှင်းလင်းတင်ပြချက်များအပေါ် သုံးသပ်၍ ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများ မှာကြားသည်။ ညနေပိုင်းတွင် ဝန်ကြီးသည် ပျဉ်းမနားမြို့နယ်၌ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်လျက်ရှိသော ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရေပိုလွှဲ တည်ဆောက်မှုမှ ရေဝင်လမ်းအပိုင်း၊ ရေပိုလွှဲအပိုင်း အဆင့်လေးဆင့်ကို စက်ယန္တရားများဖြင့် တူးဖော်မှု၊ တူးဖော်ရရှိသော ကျောက်များကို ကျောက်ဖြည့်ပင်မတမံ၏ ကျောက်ဖုန်အပိုင်းများသို့ ပို့၍ တမံဖို့မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူးက ရေလှောင်တမံတည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ကျောက်ဖြည့် ပင်မတမံ တည်ဆောက်မှုအပိုင်း၌ မြေကြီးလုပ်ငန်း၊ ကျောက်ကြီး ကျောက်ဖြည့်လုပ်ငန်းတို့သည် ၉၀ ရာခိုင်နှုန်းနီးပါး ပြီးစီးနေပြီဖြစ်သည်။

ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၇ ရက်က မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့ရောက်ရှိပြီး လက်တွန်းထွန်စက်နှင့် စပါးရိတ်စက် ကိုယ်ထည်ပိုင်းနှင့် အင်ဂျင်ပိုင်းဆိုင်ရာ ထုတ်လုပ်မှု အဆင့်ဆင့်တွင် တပ်ဆင်မှု အဆင့်ဆင့် ဆောင်ရွက်နေသော အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ရွှေကျင်နိကာယ စာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ (၈၄)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကြီးကို ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား ဦးထိပ်ထား၍ (၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၃ရက်၊ ၁၄ရက်၊ ၁၅ရက်)၊ ဖေဖော်ဝါရီ ၃ရက်၊ ၄ရက်၊ ၅ရက်များတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ကြားတောရလမ်း ကျောင်းတော်ရာရွှေကျင်တိုက်ကြီးအတွင်းရှိ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ စာပြန်သံဃာတော်အပါး ၆၀၀ ခန့်အနက်မှ ၁၀၈ပါးတို့သည် ဖေဖော်ဝါရီ ၃ ရက် နှင့် ၄ ရက်တို့တွင် ဗဟန်းမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့သို့လည်းကောင်း၊ သံဃာတော် ၂၁၆ပါးတို့သည် ၁၀၈ပါးစီ နှစ်သုတ်ခွဲ၍ ဖေဖော်ဝါရီ ၅ ရက်တွင် လသာမြို့နယ်သို့လည်းကောင်း နံနက် ၇နာရီခွဲတွင် ဆွမ်းခံကြွမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် စာအောင်ဆုနှင်းသဘင်ကို ကျင်းပမည်ဖြစ်ရာ အလှူရှင်အပေါင်းတက်ရောက်ကြည်ညိုပူဇော်နိုင်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဇန်နဝါရီ ၂၉ ရက်က ဖိုးလပြည့် ကုမ္ပဏီလီမိတက် Scorpion C Plus ကုန်ပစ္စည်းအသစ် မိတ်ဆက်ခြင်းနှင့် ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲတွင် မန်နေဂျင်း ဒါရိုက်တာ ဦးသူရသွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နှစ်ဖက်သော မိဘများအား အမှူးထား၍ ဗဟန်းမြို့နယ် ရွှေတောင်ကြား ရိပ်သာ(၁)လမ်း အမှတ် ၇၀(အီး)နေ ဦးကိုကိုထူး၊ ဒေါ်စန္ဒာအောင်၊ သားလေး- မင်းသိဟထူး၊ သမီးလေး-ဆုသီရိထူး မိသားစုတို့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ဆေးရုံသစ်ကြီး ဆောက်လုပ်ရန် ပထမအရစ်အလှူငွေကျပ် သိန်း ၁၀၀ ကို ဇန်နဝါရီ ၃၀ ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများ ရိုက်ကူးထုတ်လွှင့်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာများ ရိုက်ကူးထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံစာစစ်အဖွဲ့နှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ်တို့မှ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဟန်က ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများ ရိုက်ကူးထုတ်လွှင့်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပညာရေးရုပ်မြင်သံကြားဌာန ဌာနမှူး ဦးအောင်ကြည်က ရိုက်ကူးထုတ်လွှင့်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။ (သတင်းစဉ်)

မိုးကုတ်မြို့နယ်အသင်း
တရားနာဖိတ်ကြားလွှာ
(၁၃)ကြိမ်မြောက် ရာသက်ပန်ဆွမ်းကပ်လှူခြင်း

